မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၉၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၅

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ကျင်းပ

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အလံတင်တပ်စုက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား လွှင့်တင်ကာ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ကျင်းပသည်။

ထို့နောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတို့မှ အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

အလေးပြု

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြု၍ သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

ပုထိုးလုံအစမ်းတွင်းများမှ စီးပွားဖြစ်ထုတ်ယူနိုင်သော ရေနံနှင့် သဘာဝဓာတ်ငွေ့များ တွေ့ရှိ

သတင်းဆောင်းပါး
ရန်ကြီးအောင်

ဓာတ်ပုံ – စွမ်းအင်

နေပြည်တော် ဇန်နဝါရီ ၅

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို စဉ်ဆက်မပြတ် စမ်းသပ်ရှာဖွေ တူးဖော်ထုတ်လုပ်လျက်ရှိသည်။ ယင်းသို့ ရှာဖွေတူးဖော်ခဲ့မှုကြောင့် ၁၉၆၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်အတွင်း မန်း၊ ပြည်၊ မြန်အောင်၊ ရွှေပြည်သာ၊ လက်ပံတို၊ ပက်ပယ်၊ မင်းတဲကြီး၊ ထောက်ရှာပင်၊ ထန်းတပင်၊ တက်မ၊ ကမ်းနီစသည့် ကုန်းတွင်းပိုင်းရေနံမြေများနှင့် မုတ္တမကမ်းလွန်ဒေသ၌ ရတနာ သဘာဝဓာတ်ငွေ့မြေတို့ကို တွေ့ရှိတူးဖော်ထုတ်လုပ်နိုင်ခဲ့သည်။

အကျိုးတူပူးပေါင်း

၁၉၈၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ပိုမိုတူးဖော် ထုတ်လုပ်နိုင်ရန်အတွက် ပြည်ပမှ ရေနံကုမ္ပဏီကြီးများကို ဖိတ်ခေါ်၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် *စာမျက်နှာ ၆ ကော်လံ ၁* ●



ပုထိုးလုံတွင်းအမှတ်(၂)တွင် စမ်းသပ်ထုတ်လုပ်နေသော နေရှင်နယ် ၅၅/၆ တွင်းတူးစက်ကို ရဟတ်ယာဉ်ပေါ်မှ တွေ့မြင်ရပုံ။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၆ ရက်)

ယာဉ်အန္တရာယ် ကင်းဝေးရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာ

နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် ယနေ့ ပြည်သူအများ၏ယာဉ်သုံးစွဲမှုများသည်လည်း တိုးတက်များပြားလာခဲ့သည်။ ယာဉ်သုံးစွဲမှုများပြားလာသည့်အလျောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိကျစွာလိုက်နာ မောင်းနှင်ကြရမည်ဖြစ်သည်။

ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ပညာပေးပြပွဲ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများကျင်းပပြုလုပ်ပြီး ယာဉ်တိုက်မှုများလျော့နည်းကျဆင်းရန် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း ကားလမ်းမကြီးများဖြင့် အရှေ့၊ အနောက်၊ တောင်နှင့်မြောက် လွယ်ကူစွာသွားလာနိုင်ခဲ့ပြီဖြစ်သည်။ ခြောက်လမ်းသွားကားလမ်းမကြီးများ၊ ကတ္တရာလမ်းများ၊ ကွန်ကရစ်လမ်းများကိုလည်း တိုးတက်ဖောက်လုပ်လျက်ရှိသည်။ ခရိုင်ချင်းဆက် လမ်းများ၊ မြို့ချင်းဆက် လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများလည်း တိုးတက်လာခဲ့ပြီဖြစ်သည်။

လမ်းများတိုးတက်ကောင်းမွန်လာသည့်အလျောက် ယာဉ်မောင်းသူများနှင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။ ယာဉ်မောင်းသူများအနေဖြင့် သတ်မှတ်သည့်ယာဉ်စည်းကမ်းများကို တိကျစွာ လိုက်နာမောင်းနှင်သွားကြပါက ယာဉ်တိုက်မှုများသည်လည်း ဖြစ်ပေါ်လာမည်မဟုတ်ပေ။ ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်မောင်းနှင်ခြင်း၊ ယာဉ်ကြောမှားယွင်းစွာ မောင်းနှင်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ရပ်တန့်ထားခြင်းများကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ယာဉ်မဆင်မခြင်မောင်းနှင်မှု၊ ယာဉ်ကြံ့ခိုင်ရေး စနစ်တကျမစစ်ဆေးဘဲ ပေါ့လျော့စွာမောင်းနှင်မှုတို့ကြောင့် နေ့စဉ် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ခရီးသွားများ၊ လမ်းကူးသူများအနေဖြင့်လည်း လမ်းစည်းကမ်းကိုလိုက်နာပြီး လမ်းကိုဖြတ်ကူးကြရမည်ဖြစ်သည်။

ခရီးသွားပြည်သူနှင့် ယာဉ်မောင်းသူများက သတ်မှတ်သည့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းကို အလေးထား လိုက်နာဆောင်ရွက်သွားကြပါက ဆုံးရှုံးနစ်နာမှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့လုံခြုံစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာက သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျလိုက်နာပါကြပါလျှင် ယာဉ်အန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိသားစုအားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အားကစားကွင်း၌ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဇော်နှင့် ဇနီးဒေါ်မူမူဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပါဝင်ဆင်နွှဲ

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့် ဇနီးဒေါ်မြမြဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုရရှိသည့်ပြိုင်ပွဲဝင်အားကစားအသင်းများအား ဝန်ကြီးနှင့်ဇနီး၊ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ပြိုင်ပွဲများတွင် အမျိုးသားဖူဆယ်ပြိုင်ပွဲဝင် ၁၂သင်း၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲဝင် ၁၀သင်းနှင့် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲဝင် လေးသင်းတို့အပြင် ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲများ ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြံခင်းမြို့နယ် ထန်းတပင်ကျေးရွာ၌ သုတရိပ်မြုံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကြံခင်း ဇန်နဝါရီ ၅

ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ထန်းတပင်ကျေးရွာ၌ သုတရိပ်မြုံစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ အဆောက်အအုံသစ်ဖွင့်ပွဲကို ကြံခင်းမြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်း၊ ဟင်္သာတခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်နှင့် ထန်းတပင်ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှူဒါန်း

ဆက်လက်၍ ကြံခင်းမြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးဝင်းရှိန်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာကြည့်တိုက် ပရိဘောဂများဝယ်ယူရန် ဦးမြင့်အောင်မိသားစုက အလှူငွေကျပ် ၂၅၀၀၀၀၊ စာကြည့်တိုက်ငွေပဒေသာပင်အတွက် ကြံခင်းမြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်းမိသားစုက ငွေကျပ် ၁၅၀၀၀၊ ကြံခင်းမြို့နယ်ရဲစခန်းမှ ဒုတိယရဲအုပ် အောင်မျိုးဝင်းက ငွေကျပ် ၅၀၀၀၀၊ ဦးတင်ဇော်မိသားစုက ငွေကျပ် ၃၀၀၀၀၊ ဆိပ်သာရဲကင်းမှူး ဦးသိန်းနိုင်က ငွေကျပ် ၁၅၀၀၀၊ ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သူဇာက သုတရသစာအုပ်အစုံ အုပ် ၁၅၀ အပါအဝင် ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်းစာအုပ်စာစောင် အုပ်ရေ ၇၀၀ လှူဒါန်းခဲ့သည်။ အဆိုပါ စာကြည့်တိုက်အဆောက်အအုံ၏ အကျယ်အဝန်းမှာ ၂၄ပေ×၂၀ ပေ ဖြစ်ပြီး အုတ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်းဖြစ်ကြောင်း သိရှိရသည်။ (၁၇၇)

၁၉၆၅-၁၉၈၅ ခုနှစ်အထိ အထက(၁) လသာ စင်ထရယ်၌ ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၆ရက်က ဗဟိုစံပြခန်းမဆောင်၌ ကျင်းပခဲ့ရာ တက်ရောက်လာကြသော ဆရာဆရာမကြီးများအား တွေ့ရစဉ်။

(မြန်မာ့အလင်း)

ဒေါ့ဖုန်းယန်၌ အိမ်တွင်းမှုသင်တန်းဆင်း

ဒေါ့ဖုန်းယန် ဇန်နဝါရီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၁၅/၂၀၁၀)နှင့် အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ် (၆/၂၀၁၀)သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃ရက်က ဒေါ့ဖုန်းယန်၌ ကျင်းပသည်။

ပေးအပ်

အဆိုပါသင်တန်းတွင် ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး အခြေခံအိမ်တွင်းမှု သင်တန်းတွင် ပထမဆုရရှိသူ မနန်းအေးမေနှင့် အဆင့်မြင့်စက်ချုပ် သင်တန်းတွင် ထူးချွန်ဆုရရှိသူ မစွဲ့ဝင်းဝင်းထက်နှင့် အခြားဆုရသူများအား တာဝန်ရှိသူတို့က အပ်ချုပ်စက် တစ်လုံးစီ ဆုများချီးမြှင့်ကြသည်။ ယင်းနောက် အိမ်တွင်းမှုသင်တန်း ကျောင်းအုပ် ဒေါ်ဆွေဆွေဥက သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အိမ်တွင်းမှု)**

ကွင်းဆင်းကြီးကြပ်

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ညာခဝယ်ကျေးရွာတွင် အချင်းနှစ်လက်မရှိ အဝီစိတွင်းတူးဖော်ခြင်း၊ ဂါလန် ၄၀၀ ဆံ့ အများသုံးအုတ်ရေကန်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဒီဇင်ဘာ ၂၆ရက်က လုပ်ငန်းကြီးကြပ်မှု အင်ဂျင်နီယာ ဦးထွန်းမင်းဦးနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အင်ဂျင်နီယာမှူးဦးဝင်းနိုင် ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး တောင်ကုတ်၌ သရုပ်ပြ

တောင်ကုတ် ဇန်နဝါရီ ၅

တောင်ကုတ်မြို့နယ် မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၅ရက်က တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလှဖော်ဇံတို့ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေး ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

*** ရှေ့ဖုံးမှ**

ဖတ်ကြား

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို တိုင်းမှူးက ဖတ်ကြားသည်။

ယင်းနောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးသည် ပြည်သူ့ရင်ပြင်အတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ဆက်လက်၍ တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ကျင်းပသော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် တိုင်းစစ်ဌာနချုပ်မိသားစုဝင်များ၏ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုဆက်လက်ကျင်းပရာ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့ နံနက်၇နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဦးကျော်ဆန်းနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်နှင့် ရုံးအဖွဲ့မှူး ဦးမြင့်ထွေးတို့ တက်ရောက်ကြပြီး နှစ်နိုင်ငံ သတင်းနှင့် ပြန်ကြားရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း ဝန်ကြီးဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၅

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဦးလွန်းသီ သည် ယနေ့ နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စက်ရုံစမ်းသပ်လည်ပတ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် စက်ရုံဝင်းအတွင်းရှိ Precommissioning၊ Commissioning စမ်းသပ်လည်ပတ် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နည်းစဉ်များအလိုက် Process မှန်ကန်ရန်၊ လျှပ်စစ်မီးမပြတ်တောက်စေရေးအတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဌာနချင်းညှိနှိုင်းဆောင်ရွက်ရန်နှင့် စက်ရုံအား သတ်မှတ်ရက်အတွင်း အချိန်မီဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် ညအပူချိန်များ

၅-၁-၂၀၁၁

ပင်လောင်းမြို့	၂ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၂ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်
ကသာမြို့	၄ ဒီဂရီစင်တီဂရိတ်

မြန်မာ့ရုပ်မြင်သံကြား

၆-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၀၅ ၇။ အကပဒေသာ
- ၈း၁၅ ၈။ အတီးပြိုင်ပွဲ
- ၈း၂၅ ၉။ **ငှက်တစ်သောင်း**
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၃၅ ၄။ အဆိုပြိုင်ပွဲ
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၅ ၇။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
- ၅း၃၀ ၈။ တေးဂီတအစီအစဉ်
- ၅း၄၅ ၉။ **သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်**
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ
- ၆း၄၀ ၁၃။ ထူးဆန်းထွေလာများကိုသိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကာရန်မဲ့…ရင်ခုန်သံ** (အပိုင်း-၂၄)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း-၈)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၁၆)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၂၅)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓမ္မဂီတ
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ **ရှာမှီးခြင်းမလွဲပါစေနှင့် တရားတော် (ဆရာတော်ဘဒ္ဒန္တဝိစိတ္တ)**
- ၆း၃၅ မေတ္တာတရားနဲ့ အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝင်္ကပါ** (အပိုင်း-၁၂၇)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၄)
- ၈း၃၅ Fashion Music Festival (Part-24)
- ၉း၁၀ Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့) (ချစ်သူဘဝအမှတ်တရ) (ပြေတီဦး၊ အူဝဲ)
- ၉း၂၅ Activities in the City
  - သချ်ာဆရာဦးမောင်မောင်တီ မှဆုချီးမြှင့်ပွဲ
  - ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်
- ၁၀း၀၀ Science for All (ပျက်သုဉ်းလျက်ရှိသောကမ္ဘာ့အထင်ကရနေရာများ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ထွန်းနေစိုး)
- ၁၀း၂၅ ရမ္မာဝတီသို့…ရွက်လွှင့်ခြင်း
- ၁၀း၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၁၀ The Champion of Dance
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ မန္တလေးတက္ကသိုလ်ပထဝီဝင် မိသားစု၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ
- ၁၂း၃၀ **အပန်းဖြေကြည့်ရှုစရာ… ဇာတ်ကားမိတ်ဆက်ကဏ္ဍမှာ** (ကောက်ရဇာတ်ကား)
- ၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (3D Launch LG Dealers Conference)
- ၁း၀၀ **ရှာမှီးခြင်းမလွဲပါစေနှင့် တရားတော်** ဆရာတော်ဘဒ္ဒန္တဝိစိတ္တ
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ သက်တံရောင်ကမ္ဘာထဲက TOA COLOR WORLD
- ၂း၄၅ စလင်း (အထက) ကျောင်းတော်ကြီး၏နှစ်(၁၀၀)ခရီး
- ၃း၀၀ Living With Technology Expo 2011, Yangon ၏ စာနယ်ဇင်းရှင်းလင်းပွဲ
- ၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝင်္ကပါ** (အပိုင်း-၁၂၇)
- ၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၄)
- ၄း၃၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ရုပ်ကွက်ထဲကလုံးချင်း အိမ်ကလေး)
- ၄း၅၀ ဂီတသရုပ်ပြခန်း (ဇေယျာနိုင် Selection)
- ၅း၁၀ ကသဲကုန်းကျေးရွာမှ သဗ္ဗသိဒ္ဓိ ဆုတောင်းပြည့်စေတီတော် မြတ်ကြီး၏ ထီးတော်တင်ပွဲ
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့) (ချစ်သူဘဝအမှတ်တရ) (ပြေတီဦး၊ အူဝဲ)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝင်္ကပါ** (အပိုင်း-၁၂၈)
- ၇း၀၅ Fashion Music Festival (Part-25)
- ၇း၄၅ ပန်းချီပြခန်း (My Wish and My Taste)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း **ရှက်တတ်တာကောင်းတယ်၊ မရှက်တတ်တာကောင်းတယ်**
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၅)
- ၁၀း၀၀ အနုပညာမိုးကောင်းကင်
- ၁၀း၂၀ ဘဝအမောပြေပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
- ၁၀း၃၅ သင်ယူလေ့လာ ဂီတပညာ (Part-4) (Triade basic Chords)
- ၁၁း၀၀ ဂီတနက်သန်ကိုစောညိန်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ (အပိုင်း-၄)
- ၁၁း၀၅ ဆေးဖက်ဝင်ကျွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း
- ၁၁း၂၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ **(အင်းလေးဒေသရဲ့ ထူးခြားတဲ့ငါးငါးဖိန်း)**
- ၁၁း၃၀ ဆေးပညာနှင့်ပတ်သက်သော အယူအဆအမှားများ (အပိုင်း-၁) ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)
- ၁၁း၅၀ မြို့ပြနှင့်ဘောလုံးယဉ်ကျေးမှု
- ၁၂း၂၅ ရွှေတိုင်းမြို့မှဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
- ၁၂း၃၅ **ကျန်ရစ်ခဲ့သောခြင်ထောင်လေးတစ်လုံး** ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ (ဒါရိုက်တာ-အကယ်ဒမီဆွေဇင်ထိုက်)
- ၁၂း၅၀ Box Office Movies (Fast & Furious 4)
- ၁း၀၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမျိုးမင်းစိုးနှင့်တွေ့ဆုံခြင်း)
- ၁း၃၀ လေ့လာမြတ်နိုးထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ (ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန အကြောင်းသိကောင်းစရာ)
- ၂း၀၀ သာယာစိုပြည်ကြံခင်းမြေ
- ၂း၁၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းခရမ်းပြာလန်းဖြာဖြာ)
- ၂း၃၀ စက်မှုစီးပွားထုတ်ကုန်အား (ကော်ဖီမှုန့်ထုတ်လုပ်မှု နည်းစနစ်များ)
- ၂း၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃း၅၀ လွမ်းတင်သည့်ကြိုး
- ၄း၁၀ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
- ၄း၁၅ အလှဆင်စရာပရိဘောဂကမ္ဘာ (Inner Space)
- ၄း၃၀ Treasure From The Earth (အပိုင်း-၁)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အရှေ့ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၅

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလာပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၆ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အီရတ်-အာဖဂန်သတင်းများ

အီရတ်-အာဖဂန်သတင်းများ အီရတ်-အာဖဂန်သတင်းများ

၂၀၁၀ ခုနှစ်၌ အာဖဂန်နစ္စတန်တွင် အရပ်သားသေဆုံးမှု အများဆုံးဖြစ်ခဲ့

ကဘူးလ် ဇန်နဝါရီ ၅

အမေရိကန်ဦးဆောင်သည့်တပ်များ အာဖဂန်နစ္စတန်သို့ ၂၀၀၁ ခုနှစ်တွင် ကျူးကျော်ဝင်ရောက်ပြီးကတည်းက ၂၀၁၀ခုနှစ်သည် အရပ်သားများ သေဆုံးမှုအများဆုံးဖြစ်ကြောင်း အာဖဂန်နစ္စတန် ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။ အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ဇန်နဝါရီ ၅ရက်က ဗုံးဖောက်ခွဲမှုနှင့် သေနတ်ဖြင့် ပစ်ခတ်မှုများကြောင့် ကလေးငယ်များအပါအဝင် အရပ်သားငါးဦး သေဆုံးကြောင်းသိရသည်။ **(အောက်ဝဲပုံ)**

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ်အတွင်း သား၊ ငါးအရောင်းဆိုင်တစ်ဆိုင် အပြင်ဘက်၌ ဇန်နဝါရီ ၄ရက်က ဗုံးခွဲတိုက်ခိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။

အဆိုပါဆိုင်မှာ အာဖဂန်စစ်တပ်သို့ အသားများတင်သွင်းသည့်ဆိုင်ဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်သည်ဟု ဒေသခံတာဝန်ရှိသူများက ယုံကြည်ယူဆသည်။

အကြမ်းဖက်

ဇန်နဝါရီ ၃ရက်ကလည်း ဘာဂလန်မြောက်ပိုင်း ပြည်နယ်အတွင်း လူစုရာသို့ သေနတ်သမားများက ပစ်ခတ်ရာ အရပ်သားလေးဦး သေဆုံးသည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ မကြာမီလများအတွင်းက လက်နက်ကိုင်များ၏ အကြမ်းဖက်မှု ပိုများလာသည်။ **(အင်တာနက်)**

အာဖဂန်သို့ တင်ပို့မည့် နေတိုးလောင်စာဆီတင်မော်တော်ယာဉ် ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်ခံရ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၅

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း အာဖဂန်နစ္စတန်ရှိ အမေရိကန်ဦးဆောင်သောတပ်များအတွက် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တန်းကို လက်နက်ကိုင်များက မကြာခဏတိုက်ခိုက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်က နေတိုးလောင်စာဆီတင်မော်တော်ယာဉ်တစ်စီး ဖောက်ခွဲတိုက်ခိုက်ခံရသဖြင့် မီးလောင်ကျွမ်းခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါ နေတိုးလောင်စာဆီတင် မော်တော်ယာဉ်သည် နယ်ခြားဖြတ်သန်းရေး ဘော်ခမ်စစ်ဆေးရေးဂိတ်သို့ ဦးတည်မောင်းနှင်စဉ် ဗုံးခွဲတိုက်ခိုက်ခံလိုက်ရခြင်းဖြစ်ကြောင်း လုံခြုံရေးအာဏာပိုင်များက ပြောကြားသည်။

ဖျက်ဆီး

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာဒေသတွင် ယင်းနေ့က အခြားလောင်စာဆီတင်မော်တော်ယာဉ်များကိုလည်း ဗုံးခွဲတိုက်ခိုက်ဖျက်ဆီးခဲ့ကြကြောင်းသိရသည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၅ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၄၆၀၄** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၅၃၈၂** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၆၀၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၅၃၈၂ ဦး

(အင်တာနက်)

အီရတ်ရဲထောက်လှမ်းရေးရုံး ကားဗုံးခွဲ တိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ရဲထောက်လှမ်းရေး ရုံးကို ပစ်မှတ်ထား၍ ကားဗုံးခွဲတိုက်ခိုက်မှုတွင် တစ်ဦးသေဆုံးပြီး တစ်ဒါဇင်ကျော် ဒဏ်ရာရရှိသွားသည်။

ဘာကူဘာရှိ ရဲထောက်လှမ်းရေးရုံးအပြင်ဘက်၌ ဇန်နဝါရီ ၄ရက် နံနက် ၁၁ နာရီခန့်က ကားဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူ ၂၀အနက် အနီးရှိ ကျောင်းကားပေါ်မှ အမျိုးသမီးများနှင့် ရုံးလုံခြုံရေးအစောင့်များ ပါဝင်သည်။

ကားဗုံးခွဲ တိုက်ခိုက်ခြင်းမပြုမီ လက်နက်ကိုင်အချို့က ရဲထောက်လှမ်းရေးရုံးအတွင်းသို့ လက်ပစ်ဗုံးလေးလုံး ပစ်သွင်းခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်ရှိ ကန်စစ်စခန်း စိန်ပြောင်းဖြင့် ပစ်ခတ်ခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံအလယ်ပိုင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို စိန်ပြောင်းများဖြင့် အကြိမ်ကြိမ်ပစ်ခတ်ခြင်းမှာ ၂၀၀၃ခုနှစ် ဇန်နဝါရီ ၄ရက်က စတင်ကျူးကျော်ဝင်ရောက်လာခဲ့သော အမေရိကန်ဦးဆောင်သည့် နိုင်ငံခြားတပ်ဖွဲ့ဝင်များကို မလိုလားကြောင်း ထပ်မံပြသလိုက်ခြင်းဖြစ်သည်ဟု ဇန်နဝါရီ ၅ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အီရတ်နိုင်ငံ ဘာဘီးပြည်နယ် မြို့တော်ဟီလာ၏မြောက်ဘက်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို ဇန်နဝါရီ ၄ ရက်က စိန်ပြောင်းဖြင့် ခြောက်ကြိမ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းကို ကိုးကားပြီး အက်ဆပ်အယ်အီရတ်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်စစ်အခြေစိုက်စခန်းကို စိန်ပြောင်းဖြင့် ခြောက်ကြိမ်ပစ်ခတ်ခံရပြီးနောက် အမေရိကန်တပ်ဖွဲ့က အယ်မာဟာဝီရဲစခန်းသို့ ဆက်သွယ်ပြီး ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးပေးပါရန် မေတ္တာရပ်ခံခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇန်နဝါရီ ၅

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၅ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၅၅၁** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၀၇၄၉** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၅၅၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၇၄၉ ဦး

(အင်တာနက်)

ကဘူးလ်မြို့လယ် ဗုံးပေါက်ကွဲမှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားလေးဦးဒဏ်ရာရ

ကဘူးလ် ဇန်နဝါရီ ၅

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့လယ်၌ ဇန်နဝါရီ ၅ရက်က ဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားသည်။ **(ယာပုံ)**

ပြောကြား

ကဘူးလ်မြို့ရှိ အာဖဂန်နစ္စတန်ကာကွယ်ရေးဝန်ကြီးဌာနအနီး လူစည်ကားသည့် ဈေး၌ ဇန်နဝါရီ ၅ ရက်က အသွားအလာများသည့် ရုံးချိန်အတွင်း ဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အရပ်သားများ ဒဏ်ရာရရှိခဲ့ကြောင်း ကဘူးလ်မြို့တော် ရဲတပ်ဖွဲ့အကြီးအကဲ ဒတ်စတီယာက ပြောကြားသည်။

ပစ်မှတ်ထား

မည်သူ့လက်ချက်ဖြစ်ကြောင်း၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ဗုံးခွဲခြင်းဖြစ်ကြောင်း မသိရသေးဘဲ စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ၄င်းကထည့်သွင်းပြောကြားသည်။ လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကလည်း အာဖဂန်နစ္စတန်စစ်တပ်ဘတ်စ်ကားကို ပစ်မှတ်ထားဗုံးခွဲသဖြင့် အာဖဂန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**



(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား သဝဏ်လွှာများ ပတ်ကြား

မြဝတီခရိုင်ဥက္ကဋ္ဌ ဦးဇော်လွင်ဦး သဝဏ်လွှာဖတ်ကြားစဉ်။ (၁၀၁)

တာချီလိတ်ခရိုင်ဥက္ကဋ္ဌ ဦးသက်လွင် သဝဏ်လွှာဖတ်ကြားစဉ်။ (၀၁၆)

တွံတေးမြို့နယ်ဥက္ကဋ္ဌ ဦးသန်းဇော်ဟန် သဝဏ်လွှာဖတ်ကြားစဉ်။ (၁၀၅)

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလှိုင် သဝဏ်လွှာဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

ပန်းဘဲတန်းမြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျိုက်လတ်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သန်းဇော် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

လပွတ္တာခရိုင်ဥက္ကဋ္ဌ ဦးအေးမောင်ကြည် သဝဏ်လွှာဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဒက္ခိဏသီရိမြို့နယ်ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး သဝဏ်လွှာဖတ်ကြားစဉ်။ (သတင်းစဉ်)

ဥတ္တရသီရိမြို့နယ်ဥက္ကဋ္ဌ ဦးရဲမြတ်တင့် သဝဏ်လွှာဖတ်ကြားစဉ်။ (သတင်းစဉ်)

သုံးခွမြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

တိုက်ကြီးမြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနယူးစ်ဝိခ် ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနယူးစ်ဝိခ် ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၆၀)ကို ဖြန့်ချိလိုက်သည်။

ဒေါက်တာနေဇင်လတ်၏ အခွင့်အလမ်းကောင်းဖြင့် စနစ်ကောင်းတည်ဆောက်၊ မြန်မာအိမ်အကူ သက်သေ လိုက်ပေးခဲ့ရသည့် စင်ကာပူနိုင်ငံမှ လူသေမှု၊ ကချင်ပြည်နယ် ဟူးကောင်းတောင်ကြား (ချိုင့်ဝှမ်း)ရှိ ရွှေလုပ်ငန်းများတွင် ကျယ်နေဆဲဖြစ်၊ နိုင်ငံပိုင်သိမ်းဆည်းထားသည့် မော်တော်ယာဉ် ၈၆စီး၊ ဆိုင်ကယ် ၁၁၃၄စီး ဈေးပြိုင်အိတ်ပိတ် စနစ်ဖြင့် ရောင်းချမည်၊ ငါးသိန်းတန်ဖုန်းများ၏ ကြိုတင်ငွေဖြည့်ကတ်ကို ဖုန်းအမျိုးအစား ခွဲခြားခြင်းမပြုဘဲ တစ်ပြေးညီ သတ်မှတ်ရောင်းချမည်၊ တောင်တရုတ်ပင်လယ်ထဲတွင် မီးလောင်သေဆုံးခဲ့သည့် သင်္ဘောသား သုံးဦးအနက် နှစ်ဦးက လျော်ကြေး ငွေလက်ခံခဲ့ပြီး ကျန်တစ်ဦးမှာ လက်ခံမှုမရှိသေး၊ ကျောင်းသင်ခန်းစာများတွင် ယာဉ်စည်းကမ်းအသိပညာများ အခြေခံပညာရပ်အဖြစ် ထည့်သွင်းသင်ကြားမည်၊ အင်္ဂါဂြိုဟ် လင်းလက်တောက်ပဆုံးရောက်ရှိမည်၊ လူသားများ ကောင်းကျိုးဆိုးကျိုးများ တွေ့ကြုံနိုင်၊ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေး)လမ်းပိုင်း ဖွင့်လှစ်၊ ၂၀၁၁ခုနှစ် အစမှာ ဒေါ်လာဈေးက ကျကောင်းနေတုန်းပဲ၊ လူကုန်ကူးခံရသူများမှာ အမျိုးသမီးများသာဖြစ်၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းက စီးပွားရေး ဖွံ့ဖြိုးစေမည်ဖြစ်၊ ဝမ်းတွင်းမြို့နယ်၌ ခရီးသည်တင် မှန်လုံယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွား၊ လေယာဉ်ဖြင့် အကြမ်းဖက် တိုက်ခိုက်မည် အထင်ဖြင့် အမေရိကန် ကက်ပီတယ်လ်ဟေးလ် အဆောက်အအုံများတွင် နေထိုင်သူများ ဘေးလွတ်ရာသို့ ပြေးလွှားခဲ့ကြ၊ လေယာဉ်တင် သင်္ဘောဖျက်ဒုံးပျံ တရုတ်နိုင်ငံ ဖြန့်ကြက်ချထားရန် နီးကပ်လာပြီ၊ ဥရောပတွင် တိုက်ခိုက်ရန် လက်ဘန္နွန်မှ ပါလက်စတိုင်း အကြမ်းဖက် သမားများအား အယ်လ်ခိုင်ဒါစေလွှတ် စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ **(သတင်းစဉ်)**

ရွှေပြည်သာမြို့နယ်၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုးက ပထမဆုရ အသက် ၁၀လ အရွယ် မောင်မင်းသန့်စည်သူအား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ရက်က မှော်ဘီမြို့နယ်၌ ကျင်းပရာ မာရသွန်ပြိုင်ပွဲ၌ ဆုရရှိသူတစ်ဦးအား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးလွင် ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

● ရှေ့ဖုံးမှ

ကုန်းပိုင်းဒေသလုပ်ကွက်(၄၉)ကွက်၊ ရခိုင်ကမ်းလွန်ဒေသ၊ မုတ္တမကမ်းလွန်ဒေသနှင့် တနင်္သာရီကမ်းလွန်ဒေသတို့ရှိ မြန်မာနိုင်ငံ ရေပိုင်နက်နယ်နိမိတ်အတွင်း ကမ်းလွန်ဒေသလုပ်ကွက် (၂၆)ကွက် သတ်မှတ်၍ စနစ်တကျ စမ်းသပ်ရှာဖွေ တူးဖော်ခွင့်ပြုခဲ့သည်။

တိုးမြှင့်ထုတ်လုပ်

ယင်းသို့စမ်းသပ်ရှာဖွေခဲ့မှုကြောင့် ကျောက်ခွက်၊ အဖျောက်၊ ညောင်တုန်း၊ သာကြီးတောင် / စပယ်၊ အင်းတော်၊ ထန်းကိုင်းနှင့် မအူပင်စသည့် ကုန်းပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ်များ၊ မုတ္တမကမ်းလွန်ဒေသ၌ ရတနာ၊ စိန်၊ ပတ္တမြားနှင့် ဇောတိကသဘာဝဓာတ်ငွေ့မြေ၊ တနင်္သာရီကမ်းလွန်ဒေသ၌ ရဲတံခွန်သဘာဝဓာတ်ငွေ့မြေနှင့် ရခိုင်ကမ်းလွန်ဒေသ၌ ရွှေသဘာဝဓာတ်ငွေ့မြေစသည့် ကမ်းလွန်ဒေသ သဘာဝဓာတ်ငွေ့မြေအသစ်များကို ရှာဖွေတွေ့ရှိခဲ့ပြီး ယခုအခါ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ပိုမိုတိုးမြှင့် ထုတ်လုပ်လျက်ရှိသည်။

ထို့အတူ မြန်မာနိုင်ငံ၏ ဘူမိအနေအထားများအရ ကုန်းပိုင်းဒေသ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့် အနည်ကျဘူမိချိုင့်ဝှမ်း(၁၄)ခုအနက် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၊ ပြည်ဒေသနှင့် မြစ်ဝကျွန်းပေါ် ဒေသတို့တွင်လည်း ဆက်လက် ရှာဖွေစမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ စမ်းသပ်ရှာဖွေခဲ့သည့်အနက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ ရေနံရှာဖွေရေး လုပ်ကွက်တစ်ခုဖြစ်သော ပုထိုးလုံအစမ်းတွင်းများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို မကြာမီက စမ်းသပ်တူးဖော် တွေ့ရှိခဲ့သည်။

စတင်လုပ်ကိုင်

ပုထိုးလုံ အစမ်းတွင်းများသည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်နှင့် ကနီမြို့နယ်တို့အတွင်းရှိသည့် ကုန်းပိုင်းရေနံရှာဖွေရေး လုပ်ကွက်အမှတ်(ဒီ) Block D အတွင်း တည်ရှိသည်။ ယင်းလုပ်ကွက်သည် ဧရိယာအားဖြင့် ၃၀၄၈၃၂၀ ဧက ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၄၀၀၀ ခန့်မြင့်သည့် ပုံတောင်ပုံညာတောင်တန်းတွင် တည်ရှိသည်။ အဆိုပါ Block D ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်နိုင်ငံ SIPC Myanmar Petroleum Co., Ltd. တို့သည် ၃-၉-၂၀၀၄ ရက်နေ့တွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်(Production Sharing Contract- PSC) ကို ချုပ်ဆို၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေခြင်းလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သည်။

SIPC ကုမ္ပဏီသည် ၂၀၀၇ ခုနှစ်မှစတင်၍ 2D Seismic တိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ၂၀၀၉ခုနှစ်အထိ စုစုပေါင်း 2D Seismic ၂၉၁၈ လိုင်း ကီလိုမီတာကို တိုင်းတာဆောင်ရွက်ပြီးစီးခဲ့သည်။ ယင်း 2D Seismic လိုင်းများ၏ အဓိပ္ပာယ်ပုံဖော်ဆောင်မှုအပေါ် မူတည်၍ Block D အတွင်း၌ သဘာဝဓာတ်ငွေ့ ခိုအောင်းတည်ရှိနိုင်သော ဘူမိဗေဒ အနေအထားများပေါ်တွင် ပုထိုးလုံ၊ ယာကြီးတို့တွင် ရှာဖွေရေး အစမ်းတွင်း လေးတွင်းကို တူးဖော်စမ်းသပ်ပြီးစီးခဲ့ပြီး သင်ဂဒုန်းနှင့် ပိတောက်ကုန်း အစမ်းတွင်းသစ်နှစ်တွင်းကိုလည်း တူးဖော်လျက်ရှိသည်။

ထုတ်ယူရရှိ

ပုထိုးလုံအစမ်းတွင်း အမှတ်(၁) သည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကျောကျေးရွာ၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ယင်းအစမ်းတွင်းကို ၂-၉-၂၀၀၇ ရက်နေ့တွင် စတင်တူးဖော်ခဲ့ပြီး ၂-၆-၂၀၀၈ ရက်နေ့တွင် အနက် ၁၂၄၆၁ ပေသို့ ရောက်ရှိခဲ့သည်။ အနက်ပေ ၇၈၁၃ နှင့် ၇၈၉၅ အကြားရှိ သဲကြောနှင့် အနက်ပေ ၇၈၇၈နှင့် ၇၉၀၆အကြားရှိ သဲကြောတို့ကို သေနတ်ဖောက်စမ်းသပ်ခဲ့ရာ တစ်နေ့လျှင် လေဆီ (ရေနံအပေါ့စား) ၆၁စည်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၅ ဒသမ ၁၉သန်း ထုတ်ယူရရှိခဲ့သည်။

SIPC ကုမ္ပဏီသည် ကျောကျေးရွာ၏ အရှေ့မြောက်ဘက် ၁၄မိုင်အကွာရှိ နေရာ၌ ပုထိုးလုံအစမ်းတွင်းအမှတ်(၂)ကို ၁-၈-၂၀၀၉ ရက်နေ့တွင် စတင်တူးဖော်ခဲ့ရာ အနက် ၁၂၃၀၇ပေအထိ ရောက်အောင်တူးဖော်နိုင်ခဲ့သည်။ ထို့နောက် ၂၇-၇-၂၀၁၀ ရက်နေ့တွင် အနက်ပေ ၇၇၄၃ မှ ၇၇၆၆ အကြားရှိ သဲကြောကို သေနတ်ဖောက်စမ်းသပ်ခဲ့ရာ တစ်နေ့လျှင် လေဆီ (ရေနံအပေါ့စား)၃၀ စည်နှင့် သဘာဝဓာတ်ငွေ့ကုဗပေ ၃ ဒသမ ၅၅၅သန်း ထုတ်ယူရရှိခဲ့သည်။

ဆက်လက်တူးဖော်

SIPC အနေဖြင့် အဆိုပါ ပုထိုးလုံဒေသ၌ ကနဦးသဘာဝဓာတ်ငွေ့ ခိုအောင်းမှုပမာဏ ကုဗပေ ၉၀၉ ဘီလီယံနှင့် ကနဦးလေဆီခိုအောင်းမှုပမာဏ စည် ၇ ဒသမ ၁၆သန်းရှိမည်ဟု ခန့်မှန်းထားသည်။ အစမ်းတွင်းအမှတ်(၁)ဧရိယာနှင့် အစမ်းတွင်းအမှတ်(၂)ဧရိယာတို့တွင် တွင်းများ ဆက်လက်တူးဖော် ထုတ်လုပ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ရာ ယင်းပုထိုးလုံဒေသမှ သဘာဝဓာတ်ငွေ့နှင့် လေဆီ(ရေနံစိမ်းအပေါ့စား)များကို နှစ်ပေါင်းများစွာ ထုတ်လုပ်သုံးစွဲသွားနိုင်မည် ဖြစ်ပါသည်။

ထင်မြင်ယူဆရ

SIPC သည် Block D အတွင်းရှိ ဂန့်ဂေါ၊ ပုထိုးလုံ၊ မဟူတောင်၊ ကနီ၊ သင်ဂဒုန်းနှင့် ယခု Block D နှင့် MOGE မှ လုပ်ကိုင်လျက်ရှိသော လက်ပံတို၊ ကျောက်ခွက်ဒေသလုပ်ကွက် Boundary အနီးတို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်သော Trap ၄၂ ခုကို ရှာဖွေတွေ့ရှိခဲ့ပြီး ၄င်းတို့အနက်မှ အလားအလာကောင်းမည်ဟု ထင်မြင်ယူဆရသော Trap ၃ ခု (ပုထိုးလုံ+မဟူတောင်+သင်ဂဒုန်း) တို့ပေါ်တွင် ရှာဖွေရေးအစမ်းတွင်းများ တူးဖော်ခဲ့သည်။ လောလောဆယ်တွင်လည်း အစမ်းတွင်းများ ဆက်လက်တူးဖော်နေဆဲဖြစ်သည်။ တူးဖော်ရာတွင် အနက်ပေ ၂၀၀၀၀ ကျော် အထိ တူးဖော်နိုင်သော ပေနက်တွင်းတူးစက် နှစ်စက်ဖြင့် တူးဖော်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် ပုလဲမြို့၏ အနောက်ဘက် ၁၆ မိုင်ခန့်အကွာရှိ ပိတောက်ကုန်း အစမ်းတွင်းအမှတ်(၃)နှင့် ကျောကျေးရွာ၏ အရှေ့ဘက် ၁၀မိုင်အကွာရှိ သင်ဂဒုန်း အစမ်းတွင်း အမှတ်(၁)တို့ကို တူးဖော်လျက်ရှိရာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သော အထောက်အထားများကို တွေ့ရှိရသဖြင့် ရည်မှန်းအနက်ပေများအထိ ရောက်အောင် ဆက်လက်တူးဖော်လျက်ရှိသည်။ အဆိုပါ အစမ်းတွင်းများ တူးဖော်ပြီးပါက ပုထိုးလုံအစမ်းတွင်း အမှတ်(၃)နှင့် ပုထိုးလုံအစမ်းတွင်း အမှတ်(၁-၁) တို့ကို ဆက်လက်တူးဖော်မည်ဖြစ်ပြီး အစမ်းတွင်းများအား အောင်မြင်စွာ တူးဖော်စမ်းသပ် ပြီးစီး၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းမှုပမာဏကို ပိုမိုတိုးတက် တွက်ချက်ရရှိလာပါက ပုထိုးလုံဒေသမှ သဘာဝဓာတ်ငွေ့အား စနစ်တကျထုတ်ယူ ဖြန့်ဖြူးပေးနိုင်ရန် Development Plan ကို ချမှတ်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ချမှတ်လုပ်ကိုင်

ယင်းသို့ ဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်လုပ်ကိုင်နေစဉ်အတွင်းတွင်လည်း Block D အတွင်းရှိ အလားအလာကောင်းသော အခြားသော ဘူမိဗေဒ အနေအထားများပေါ်တွင် ရှာဖွေရေးအစမ်းတွင်းများ တူးဖော်ခြင်းနှင့် ပုထိုးလုံဘူမိဗေဒအနေအထားပေါ်တွင် 3D Seismic တိုင်းတာမှုလုပ်ငန်းများ အသေးစိတ်ဆောင်ရွက်ခြင်းတို့အား တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် တိုင်းတာရရှိသော ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များအပေါ် မူတည်၍ တူးဖော်ရမည့် တွင်းအရေအတွက်နှင့် ထုတ်ယူရရှိနိုင်မည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပမာဏတို့ကို အသေးစိတ် ပြန်လည်တွက်ချက်နိုင်မည်ဖြစ်သည်။

ဓာတ်ငွေ့သိုက်ကြီးတစ်ခု

လောလောဆယ်တွင် ပုထိုးလုံအစမ်းတွင်းများ၌သာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို စီးပွားဖြစ်ထုတ်ယူနိုင်ရန် တွေ့ရှိရသေးသော်လည်း Block D အတွင်း၌ စီးပွားဖြစ်ထုတ်ယူနိုင်ရန် အခြား အလားအလာကောင်းသော ဘူမိအနေအထားများကိုလည်း တွေ့ရှိထားပြီးဖြစ်ရာ ယင်းဘူမိအနေအထားများမှ တူးဖော်စမ်းသပ်တွေ့ရှိရပါက အဆိုပါလုပ်ကွက်သည် နိုင်ငံတော်၏ အားထားရသော ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်ကြီးတစ်ခု ဖြစ်လာဖွယ်ရှိကြောင်း လေ့လာရေးသားလိုက်ရပါသည်။ ။

လုပ်ကွက်အမှတ် BLOCK-D တည်နေရာပြမြေပုံ



ပုထိုးလုံတွင်းအမှတ်(၁) နှင့် (၂)တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်စမ်းသပ်ရရှိသည့် အခြေအနေ

မြဝတီရုပ်မြင်သံကြား

၆-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ ဓမ္မပူဇာတေး
၇:၃၅ ၄။ မျိုးချစ်တပ်မတော်
၇:၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ မွေးမြူသုတ
၄:၂၅ ၅။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅:၀၀ ၈။ မွေးမြူသုတ
၅:၁၀ ၉။ ရန်သူမီး
၅:၃၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၅ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၂၈)
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၄။ လျှပ်တစ်ပြက်
၆:၃၀ ၁၅။ ထူးဆန်းထွေလာမျက်လှည့်ပညာ
၆:၄၅ ၁၆။ ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ** (အပိုင်း-၃၆)
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၄၃)
၇:၅၃ ၁၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ အနုပညာရှင်၏တစ်နေ့တာ
၂၄။ ကုန်သွယ်သုတ/ရှေးဟောင်းသုတ
၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း-၄၃)
၂၇။ ဂီတရင်ခုန်သံ

6-1 (06).pmd 1 1/6/2011, 3:16 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့
ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့်ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မိုဟာမက်ဇီလာရာမန်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ရင်းနှီးနွေးထွေးသော ဆက်ဆံရေးဖြစ်ထွန်းလျက်ရှိပါကြောင်း၊ အနာဂတ်ကာလတွင် နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို အနာဂတ်ကာလ၌ ပိုမိုဆောင်ကြဉ်းသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံပြည်သူများ ပိုမိုတိုးတက်ဖြစ်ထွန်းစေရန်အတွက် လည်းကောင်း ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာငုယင်မင်ကျစ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ထားသည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိနှင့်တကွ ဗီယက်နမ်ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးဆောင်ရွက်နိုင်မှုများ ဆတက်ထမ်းပိုးတိုး၍ ဖြစ်ထွန်းအောင်မြင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ဗီယက်နမ်နှင့်မြန်မာနိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု ပိုမိုမြှင့်တင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ငုယင်တန်ဇွန်းက သဝဏ်လွှာပေးပို့ထားရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် မိမိနှင့် ဗီယက်နမ်ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံ၏ တိုးတက်အောင်မြင်မှုများ ပိုမိုရရှိလာလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ ငြိမ်းချမ်းသာယာဝပြောရေး ပိုမိုတည်ဆောက်နိုင်လိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့်ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်ဇာခီယမ်းက လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မင်းသား မိုဟာမက်ဘိုလ်ကီးယားက လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့ထားသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံ ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ နှစ်နိုင်ငံအကြား သမိုင်းရှည်ကြာချစ်ကြည်ရင်းနှီးမှုမှသည် အနီးကပ်ပူးပေါင်းဆောင်ရွက်ရေးအုတ်မြစ်ကို ချမှတ်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး လမ်းပြမြေပုံကို ထောက်ခံသကဲ့သို့ မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း အလေးအနက် တန်ဖိုးထားပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယ သမ္မတ ဒေါက်တာ ဘူဒီရိုနိုက လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ အာဆီယံအသိုက်အမြုံတည်ဆောက်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်ထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုက လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Marty R.M Natalegawa က လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ထားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဝန်ကြီး သူရဦးအေးမြင့်
မန္တလေးအဆင့်မြင့်ဘောလုံးကွင်း တည်ဆောက်ရေးစီမံကိန်း ပန္နက်တင်

နေပြည်တော် ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်တို့သည် ဇန်နဝါရီ ၂ရက် နံနက်ပိုင်းတွင် ကျင်းပသည့် မန္တလေးအဆင့်မြင့်ဘောလုံးကွင်း တည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပညာရေးကောလိပ်မှ ဆရာ ဆရာမများ၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းမှ သင်တန်းသား သင်တန်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူတို့အား စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက မန္တလေးအဆင့်မြင့်ဘောလုံးကွင်းတည်ဆောက်မည့် လုပ်ငန်းများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် တိုင်းမှူးက မင်းတိုင်ပန္နက်တော်အားလည်းကောင်း၊ ဝန်ကြီးက ရွှေတိုင်ပန္နက်တော်အားလည်းကောင်း ကိုးချက်စီတင်ကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် မြို့တော်ဝန်က ငွေတိုင်ပန္နက်တော်နှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌက ဥဿုတိုင်ပန္နက်တော်တို့ကို ပန္နက်တင်ကြပြီး တာဝန်ရှိသူတို့က ပန္နက်အသီးသီးတင်ကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြပြီးတာဝန်ရှိသူများနှင့် ဘောလုံးလူငယ်အဖွဲ့များအား ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမသို့ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး စက်မှု (၁)မောင်မြန်မာ စက်ဘီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

ယင်းနောက် တာဝန်ရှိသူတို့က မောင်မြန်မာ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲကျင်းပ

ရေဦး ဇန်နဝါရီ ၅

(၁၈)ကြိမ်မြောက် အငြိမ်းစားယူသွားခဲ့ကြသော ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ရေဦးမြို့ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁) ကံ့ကော်ဆောင်ခန်းမတွင် ဒီဇင်ဘာ ၅ရက်ကကျင်းပရာ **(အပေါ်ပုံ)** အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးဘကျန်က အာစရိယပူဇော်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။ ဆက်လက်၍ ကျောင်းသားကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာ ဆရာမကြီးတို့အား ဂါရဝပြုပူဇော် ကန်တော့ကြပြီး ကျောင်းသား ကျောင်းသူဟောင်းများနှင့် ကုသိုလ်ရှင်များက အပူဇော်ခံ ဆရာ ဆရာမကြီး ၁၃၄ဦးတို့အား စုစုပေါင်းငွေကျပ် ၅၁သိန်း သုံးသောင်းကျော်ကို လှူဒါန်းခဲ့ကြောင်းသိရသည်။

(ဝ၃၄)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ကျောသာရွာအဝင် ကျောသာ တံတားဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၄ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု Yuzana Group ၏ ပံ့ပိုးကူညီမှုဖြင့် ဇန်နဝါရီ ၈ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးတင်မောင်သန်း (ဒုတိယဥက္ကဋ္ဌ MFF)၊ စာရေးဆရာကျော်ဝင်း၊ ဦးလှမောင်ရွှေ (အကြီးတန်းဒုတိယဥက္ကဋ္ဌ MFF)နှင့် ဒေါက်တာ နေဝင်းမောင် (Living Color Magazine & Myanmar Egress)တို့က "၂၀၂၀ အလွန် မြန်မာနိုင်ငံ၏အနာဂတ်" (Myanmar 2020 and Beyond) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာ့နိုင်ငံရေး

မောင်စေတနာ (B.A,B.Ed)

မရှိတာထက် မသိတာခက်

နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲမှုတွေက အသံထက်မြန်သည်။ အခြေအနေဟောင်းမှ အခြေအနေသစ်၊ ရွက်ဟောင်းမှ ရွက်သစ်၊ ခေတ်ဟောင်းမှ ဒီမိုကရေစီခေတ်သစ်ကြီးဆီသို့…။ ယင်းသို့ပြောင်းလဲမှုကြောင့် တိုးတက်ခြင်းဆိုသော မင်္ဂလာအပေါင်းသည် ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း၍ မြန်မာ့လူ့ဘောင်အတွင်းသို့ ဝင်ရောက်လာသည်။ ခေတ်သစ်နှင့် ခေတ်ဟောင်းမှာ ကြောင်းကျိုးမကင်း၊ ခေတ်သစ်သည် ခေတ်ဟောင်းဝမ်းဗိုက်၌ သန္ဓေတည်၍ မွေးဖွားရလာသော်လည်း ခေတ်သစ်သည် ခေတ်ဟောင်းမဟုတ်။ အရောင်၊ ပုံသဏ္ဌာန်နှင့် အနှစ်သာရတို့မှာ ခေတ်ဟောင်းနှင့်မတူ နုပျိုသစ်လွင်သည့် ရုပ်သွင်ဖြစ်သည်။

ခေတ်ဟောင်းနှင့် ခေတ်သစ်

မြန်မာနိုင်ငံတွင် အင်္ဂလိပ်ကိုလိုနီခေတ်(ကက်စဘီအစိုးရ)နှင့် လွတ်လပ်ရေးခေတ်တို့ကို ၁၉၄၇-ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကလည်းကောင်း ၊ တော်လှန်ရေးကောင်စီခေတ်နှင့် လမ်းစဉ်ပါတီခေတ်တို့ကို ၁၉၇၄-ဖွဲ့စည်းပုံအခြေခံဥပဒေကလည်းကောင်း ခေတ်ဟောင်းနှင့် ခေတ်သစ်တို့၏ ခြားနားချက်ကို ခွဲခြားပြခဲ့သည်။ (၇-၁၂-၂၀၁၀)နေ့ ရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲကြီး အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာချက်ကြောင့် မကြာသောကာလတွင် ယနေ့ခေတ်နှင့် ဒီမိုကရေစီအစိုးရခေတ်တို့ကို ၂၀၀၈-ဖွဲ့စည်းပုံအခြေခံဥပဒေက လက်တွေ့ခွဲခြားပြလာတော့မည်။

ရွေးကောက်ပွဲကော်မရှင် ကြေညာချက်

ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် ၁၄၃/၂၀၁၀ ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်သွင်းသော ရွေးကောက်ပွဲကြီးအောင်မြင်စွာပြီးဆုံးကြောင်း အစီရင်ခံစာတွင် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စအားလုံးကို ပြည့်စုံစွာဖော်ပြထားသည်။

ကော်မရှင်သည် ရွေးကောက်ပွဲကြီး ကျင်းပပြီးစအချိန်တွင် သတင်းစာများမှတစ်ဆင့် အနိုင်/အရှုံးစာရင်းများကို ရရှိသောဆန္ဒမဲအရေအတွက်နှင့်တကွ တိကျစွာဖော်ပြပြီး ထုတ်ပြန်ကြေညာပေးခဲ့သည်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ကိုယ်စားလှယ်အားလုံးသည် မိမိရရှိသော ဆန္ဒမဲအရေအတွက်နှင့် အခြေအနေ၊ အဖြေမှန်ကို သိရှိကြသဖြင့် ကော်မရှင်၏ ထုတ်ပြန်ကြေညာချက်အပေါ် ကျေကျေနပ်နပ် လက်ခံခဲ့ကြသည်။ သို့ရာတွင် ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီများက ပြည်ပမီဒီယာများမှတစ်ဆင့် ရွေးကောက်ပွဲရလဒ်အပေါ် ယုံကြည်မှုလျော့ပါးစေရန် နည်းလမ်းစုံဖြင့် ဖွ၊ ဆွ၊ ချွန်တွန်းလုပ်ခဲ့ကြသည်။ ယင်းလုပ်ဆောင်ချက်များမှာ မိုးလုံးပြည့်မုသာဝါဒများဖြစ်ကြောင်း ကော်မရှင်နှင့် မဲဆန္ဒရှင် ပြည်သူအားလုံးက သိနေကြသည်။

တိုင်းကျော်ပြည်ကျော် ကမ္ဘာကျော်

ဒီမိုကရေစီဆိုသည်မှာ မိမိ၏လွတ်လပ်ခွင့်ကို အသုံးပြုရာ၌ တစ်ပါးသူ၏ လွတ်လပ်ခွင့်ကို မထိခိုက်စေရပေ။ ထိခိုက်လျှင် ဒီမိုကရေစီမဟုတ်၊ မင်းမဲ့စရိုက်လက္ခဏာဖြစ်သည်ဟု ဆိုပါသည်။

ယခုအခါ ပျက်ပြယ်သွားပြီးဖြစ်သော ပါတီကြီးတစ်ပါတီသည် ရွေးကောက်ပွဲမဝင်ရန် ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် ရွေးကောက်ပွဲဝင်သော ပါတီများနှင့် ပြည်သူလူထုဆန္ဒတူစွာဖြင့် ဆောင်ရွက်နေသော ရွေးကောက်ပွဲကြီးကို No Vote လှုပ်ရှားမှုဖြင့် ဆောင်ရွက်ခဲ့ရာ ထိုင်နေရင်အကောင်းသား ထသွားမှကျိုးမှန်းသိ ဆိုသကဲ့သို့ ဒီမိုကရေစီအဖွဲ့အစည်းဟုအမည်ခံပြီး ဒီမိုကရေစီမဆန်သော လုပ်ရပ်ဖြစ်ကြောင်း တိုင်းကျော်၊ ပြည်ကျော်၊ ကမ္ဘာကျော် ဖြစ်သွားခဲ့ရသည်။ ရွေးကောက်ပွဲလွန်ကာလ၌လည်း ရွေးကောက်ပွဲရလဒ်ကြီးတစ်ခုလုံး ပျက်စီးသွားစေရန် လူဆိုးတွေနဲ့ မောင်တိုင်ပင် လုပ်ခဲ့ပြန်သည်။ ယင်းအဖျက်သမားအားလုံးသည် ယခုအခါ ကော်မရှင်ကြေညာချက်ကြောင့် နိုင်ငံရေး ရှေ့ခရီးဆက်နိုင်ရေးအတွက် နိုင်ငံရေး ရတက်မအေးဖြစ်ကုန်ကြသည်။ ၎င်းမှာ တည်ဆဲအစိုးရက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် သိမ်မွေ့ညင်သာစွာ ဖြေရှင်းလိုက်ခြင်းဖြစ်၏။ ထို့ကြောင့် လမ်းပြမြေပုံ အဆင့်(၆)နှင့် အဆင့်(၇) တက်လှမ်းရေးအတွက် နိုင်ငံရေးလမ်းကြောင်းရှင်းသွားသည်။

နိုင်ငံရေးမီးစိမ်းပြခြင်း

ယခုအခါ မြန်မာနိုင်ငံတွင် တရားဝင်နိုင်ငံရေးပါတီ (၃၇)ပါတီရှိနေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယင်းပါတီအားလုံးအတွက် ဘုံရပ်တည်ချက် (Common Ground) ဖြစ်၍၊ ဘုံနိုင်ငံရေး (Common Politic)မှာ အမျိုးသားနိုင်ငံရေး (National Politic)ဖြစ်သည်။ လက်ဝဲ/လက်ယာ နိုင်ငံရေးမဟုတ်ပေ။ အမျိုးသားနိုင်ငံရေးဆိုသည်မှာ အမျိုးသားအကျိုးစီးပွားနှင့် ပါတီ/ပုဂ္ဂိုလ်တို့ အကျိုးစီးပွားတို့ ယှဉ်လာလျှင် ပါတီ/ပုဂ္ဂိုလ်အကျိုးစီးပွားကို စွန့်လွှတ်အနစ်နာခံပြီး အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားကြရမည်ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်မှာ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားခြင်းဖြစ်၍ ယင်းအပေါ်တွင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲကင်းစွာဖြင့် မြင်ဖို့လိုအပ်သည်။ ထို့ပြင် ကော်မရှင်၏ ကြေညာချက်မှာ ရွေးကောက်ပွဲကြီး ချောမောအောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်၍ ကျန်ရှိနေသေးသော လမ်းပြမြေပုံအဆင့်များသို့ ဆက်လက် တက်လှမ်းတော့မည်ဖြစ်ကြောင်း နိုင်ငံရေးမီးစိမ်းပြလိုက်ခြင်းလည်း ဖြစ်သည်။

အပြုသဘောတုံ့ပြန်ချက်များ

ရွေးကောက်ပွဲပြီးစ ပူပူနွေးနွေးအချိန်ကာလတွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး တည်ငြိမ်အေးချမ်းစွာနှင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် အာဆီယံဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက "၂၀၁၀ နိုဝင်ဘာ(၇)ရက်က ကျင်းပခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးသည် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ရန် အရေးကြီးသောခြေလှမ်းတစ်ရပ်အဖြစ် အာဆီယံကကြိုဆိုလိုက်ပါသည်…။ လိုအပ်ပါက အာဆီယံပဋိညာဉ်နှင့်အညီ မြန်မာနိုင်ငံအား ထောက်ခံသွားရန် အာဆီယံအသင်းကြီးအနေဖြင့် အသင့်ရှိပါသည်"-ဟု နိုဝင်ဘာလ (၈)ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်ကြေညာသွားခဲ့သည်။

တရုတ်နိုင်ငံကလည်း ဘန်ဒေါင်းမူ(၅)ချက်နှင့်အညီ အိမ်နီးချင်းကောင်းပီသစွာဖြင့် "မြန်မာနိုင်ငံ၌ နိုဝင်ဘာ ၇ရက်က ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး တည်ငြိမ်အေးချမ်းစွာ၊ အောင်မြင်ချောမောစွာ ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူကြိုဆိုပါကြောင်း" ဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက (၉-၁၁-၂၀၁၀) အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ကော်မရှင်ကြေညာချက်ထွက်ပေါ်လာပြီးနောက်ပိုင်းတွင်လည်း မျှော်လင့်ထားသည့်အတိုင်း ရွေးကောက်ပွဲပြီး မြန်မာ့နိုင်ငံရေး ရာသီဥတုကောင်းမွန်သာယာလာမှုကြောင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍများ၌ ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးအတွက် တရုတ်၊ အိန္ဒိယ၊ အာဆီယံ၊ တောင်အာရှနိုင်ငံများ၊ မြန်မာ့မိတ်ဆွေနိုင်ငံများအားလုံးက လာမည့်အစိုးရသစ်နှင့် လက်တွဲဆောင်ရွက်သွားရန် နည်းလမ်းကောင်းများကို ရှာဖွေကြံဆနေကြသည်။

အထက်ပါတို့မှာ ရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီး တရားမျှတစွာ၊ ချောမောအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ အပြုသဘောဆောင်သောတုံ့ပြန်ချက်များဖြစ်သည်။

နိုင်သူနဲ့ ရှုံးသူ ရန်သူတွေမဟုတ်

ရွေးကောက်ပွဲကြီးအောင်မြင်ခဲ့ခြင်းမှာ အကျိုးတရားဖြစ်ပြီး ယင်း၏ အကြောင်းတရားအစစ်မှာ ရွေးကောက်ပွဲတွင် ဘက်ပေါင်းစုံမှ ပါဝင်ဆောင်ရွက်ခဲ့သူများ၏ စုပေါင်းလုပ်ဆောင်ချက်ဖြစ်သည်။ ပါဝင်သူများတွင် တည်ဆဲအစိုးရနှင့် ကော်မရှင်မှာ ကွင်းလယ်ဒိုင်နှင့် အရန်ဒိုင်လူကြီးများဖြစ်သည်။ အဓိက (Player)ပလေယာများမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ပါတီ/ပုဂ္ဂိုလ်များနှင့် မဲဆန္ဒရှင်ပြည်သူလူထုဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲကြီးအောင်မြင်မှုကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေးအကျိုးကျေးဇူး အသီး၊ အပွင့်များမှာ တစ်ဖွဲ့တစ်ပါတီပိုင်ပစ္စည်းမဟုတ်ပေ။ နိုင်သူ/ ရှုံးသူ ပါဝင်သူအားလုံးနှင့်ဆိုင်သော ပစ္စည်းဖြစ်သည်။

အနာဂတ်တွင် တပ်မတော်အုပ်ချုပ်ရေးမှ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ ပြောင်းလဲသွားမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော မြေယာလုပ်ငန်းစဉ်၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ အလုပ်သမားအရေး၊ တောင်သူလယ်သမားအရေး၊ ဝန်ထမ်းနှင့် တပ်မတော်သားများအရေး စသည်တို့နှင့်ဆိုင်သော ပြဋ္ဌာန်းချက်များကို ဒီမိုကရေစီအစိုးရသစ်က လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးလာကြမည်။ ယင်းအခွင့်အရေးများအားလုံးကို တစ်ဦးမကျန်အားလုံး ခံစားခွင့်တွေရကြမည်။ ရှုံးသူနှင့် နိုင်သူအကြားတွင်လည်း အကျိုးစီးပွားခွဲဝေခံစားခွင့် ခြားနားချက်မရှိ။ သို့ဖြစ်၍ ရွေးကောက်ပွဲတွင် နိုင်သူနှင့် ရှုံးသူသည် ရန်သူတွေမဟုတ်၊ မိတ်ဆွေများပင်ဖြစ်ကြသည်။

ဝေဒနာကို ပညာနဲ့သိမ်းဆည်း

၁၉၆၀ခုနှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၉၉၁၅၂၁၆ ဦးရေအနက်မှ (၅၂%)သာ မဲပေးခဲ့ကြသည်။ မဲပေးသူများ အနက်မှ (၅၂%)က သန့်ရှင်း ဖ.ဆ.ပ.လ၊ (၃၁%)က တည်မြဲ ဖ.ဆ.ပ.လ၊ (၅%)က ပ.မ.ည.တ တို့ကို မဲပေးခဲ့ကြသည်။ ရွေးကောက်ပွဲတွင် သန့်ရှင်းက ၁၅၉ဦး၊ တည်မြဲက ၄၂ဦးနှင့် တစ်သီးပုဂ္ဂလအချို့ အမတ်အဖြစ် ရွေးချယ်ခံရသည်။ ယင်းရွေးကောက်ပွဲတွင် ပ.မ.ည.တသည် ၁၃၅နေရာ ပါဝင်ယှဉ်ပြိုင်ပြီး ဆန္ဒမဲပေါင်း ၂၉၇၀၆၂မဲ ရရှိခဲ့သော်လည်း အမတ်တစ်နေရာမျှ မရခဲ့။ ပ.မ.ည.တသည် ၁၉၅၆-ရွေးကောက်ပွဲတွင် အမတ် ၄၆နေရာ အနိုင်ရခဲ့သည်ဖြစ်ရာ အတက်အကျ အပြောင်းအလဲမှာ သင်ခန်းစာယူဖွယ်ရာဖြစ်၏။

ထို့ကြောင့် ပြီးခဲ့သောရွေးကောက်ပွဲတွင် အနိုင်/အရှုံးကို ပြည်သူလူထုက ကြောင်းကျိုးတရားနှင့်အညီ ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်သည်။ ငါ့ကြောင့်၊ သူ့ကြောင့်မဟုတ်ပေ။ ရှင်တော်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ အကြောင်းကောင်းလျှင် အကျိုးကောင်း၍ အကြောင်းဆိုးလျှင် အကျိုးဆိုးသည်။ တူသောအကျိုးရကြသည်။ ကြောင်းကျိုးတရားတွင် ငါ၊ သူ ကတ္တား ကံပုဒ်မရှိ၊ ရှိခဲ့လျှင် ဗုဒ္ဓအယူမဟုတ်၊ ဂိုဏ်းဂဏနှင့် အာဃာတကို ဖြစ်ပေါ်စေသော မိစ္ဆာဒိဋ္ဌိအယူဖြစ်သည်။ ထို့ပြင် ကြောင်းကျိုးတရားမှာ ဘက်လိုက်ခြင်းကင်းသည်။ နိုင်သူကို ဖား၊ ရှုံးသူကို ဖိခြင်းလည်းမရှိ၊ အရှိကိုအရှိတိုင်း အဖြေပေးသည်။ ၎င်းမှာ ပကတိတရား(Reality)လည်းဖြစ်၍ အမှန်တရား (Relative Truth) လည်းဖြစ်သည်။ ပကတိအရှိတရားကို ငြင်းပယ်လျှင် အမှန်တရားကို ကျော်ခိုင်းခြင်းမည်၏။

ထို့ကြောင့် ကြောင်းကျိုးတရား၊ အမျိုးသားအကျိုးစီးပွားတို့ကို အရှည်မျှော်
ကို ပညာနဲ့သိမ်းဆည်းကြရမည်။

လမ်းဘေးရောက်သော ဗလာဇာတ်

**မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကြီးကို ၂၀၀၈-ဖွဲ့စည်းပုံအခြေ
ကျင်းပခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ပစ္စုပ္ပန်နှင့် အနာဂတ် မြန်မာ့နိုင်ငံရေး
မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဖြစ်သည်။ ပိုခြင်း၊ လိုခြင်း မရှိပေ။
အခင်းအကျင်းများကို နားလည်ရန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို
ဖွဲ့စည်းပုံအခြေခံဥပဒေကို မပိုင်ဘဲ နိုင်ငံရေးလုပ်ကြမည်ဆိုလျှင်
နိုင်ငံရေးသမားများသာ ဖြစ်ကြမည်။**

ရွေးကောက်ပွဲကြီးက နိုင်ငံရေးသင်ခန်းစာပေါင်းများစွာကို ပေး
ပြဿနာပေါင်းများစွာကိုလည်း နိုင်ငံရေးနည်းလမ်းဖြင့် လက်တွေ့
ရွေးကောက်ပွဲမဝင်သော ယခင် နိုင်ငံရေးပါတီအချို့အား တရားဝင် နိုင်ငံ
မှ ကြေညာချက်အမှတ် ၉၇/၂၀၁၀ အပိုဒ်(၃)ဖြင့် ပယ်ဖျက်ခဲ့သည်။
သော (၃၇)ပါတီတို့အား ပါဝင်ယှဉ်ပြိုင်ခွင့်နှင့်အတူ သင့်လျော်သော
တရားဝင် နိုင်ငံရေးပါတီများဖြစ်စေခဲ့သည်။ ဤနည်းဖြင့် ရွေးကောက်
အားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းဝိုင်းအတွင်းသို့ ရောက်စေခဲ့သ
မဝင်သော ပါတီများမှာ ယင်းအခွင့်အရေးများ ဆုံးရှုံးရသည်။ ရွေးကေ
NDF ပါတီမှာ လွှတ်တော်တွင်းရောက် တရားဝင်ပါတီဖြစ်ပြီး ရ
ရောက်သွားသည်။ ရွေးကောက်ပွဲမဝင်သောပါတီကြီးမှာ ထီးတင်ပွဲလည်း
မတွေ့ ငုတ်တုတ်မေ့ပြီး လမ်းဘေးရောက်သော ဗလာဇာတ်ဖြစ်ခဲ့ရသည်
အကျိုးရခြင်းဖြစ်၍ ဘယ်သူမပြု မိမိမှုပင်။ ယခုကျမှ ယင်းကိစ္စအတွက
သင့်ပေ။ ယခုအခါ ၎င်းပါတီပျက်မှာ ပါတီလည်းမမည်၊ NGO လည်းမ
ငါးတစ်ပိုင်း ဖြစ်နေသည်။

အပြန်အလှန်ထိန်းညှိခြင်းစနစ်

**တရားဝင်နိုင်ငံရေးပါတီများမှာ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ
တွင် ဥပဒေနှင့်အညီ နိုင်ငံရေးလုပ်ခွင့်များ ရကြသည်။ နိုင်သောပါ
ရှုံးသောပါတီမှာ တာဝန်ပေါ့သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ
ကို လက်တွေ့အကောင်အထည်ဖော်ရာ၌မူ တာဝန်တူညီစွာ ရှိကြသည
ထမ်းဆောင်ရာ၌ အာဏာ(၃)ရပ် ခွဲဝေကျင့်သုံးမှု မှန်ကန်သောကြေ
အချင်းချင်းအကြား၌လည်းကောင်း၊ အစိုးရနှင့် နိုင်ငံရေးပါတီများအကြ
အလုပ်တူ ပူးပေါင်းဆောင်ရွက်ရေးနှင့်အတူ အပြန်အလှန် ထိန်းညှိခြ
and Balance)များ ရှိလာမည်ဖြစ်သည်။ ထို့ကြောင့် လွှတ်တော်များအ
အစိုးရနှင့် ညွန့်ပေါင်းအတိုက်အခံဟူ၍လည်းကောင်း၊ လွှတ်တော်ပြင်ပ
နှင့် အတိုက်အခံဟူ၍လည်းကောင်း ဖွဲ့စည်းရန်လည်း မလိုအပ်တော့ပေ
သည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အရေးပါသည့်
ရုပ်လက္ခဏာပင် ဖြစ်သည်။**

ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်း

ယနေ့အချိန်မှာ တည်ဆဲတပ်မတော်အစိုးရ အုပ်ချုပ်ရေးကာလဖြစ်
တွင် နိုင်ငံရေးပါတီများသည် ပြည်သူလူထုတွင်း ပြဿနာများကို အခြေ
သလို နေခွင့်ရှိသော်လည်း အနာဂတ် ဒီမိုကရေစီအစိုးရခေတ်တွင် ယ
နာစေးနေ၍ မရတော့ပေ။ တာဝန်ကိုယ်စီရှိလာမည်ဖြစ်သဖြင့် မူဘောင်
လူထုအတွင်းရှိ အခက်အခဲများကို လက်တွေ့ကိုင်တွယ် ဖြေရှင်း
ဖြစ်သည်။

အနာဂတ်ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းတွင် လွှတ်တော်သုံး
အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် NGO များသည်လည
ဒေါင်လိုက်၊ ဗဟို၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကေ
တိုင်းတွင် ရှိနေသည်။ အလျားလိုက်၊ ဒေါင်လိုက် ပူးပေါင်းဆောင်ရွက်ခြ
ထိန်းညှိခြင်း စနစ်များလည်းရှိနေ၏။ ယင်းအခြေအနေအောက်၌ စီးပွ
အုပ်ချုပ်ရေး၊ တရားစီရင်ရေးနယ်ပယ်များတွင် ဥပဒေချိုးဖောက်လိုသူများ
မရှိနိုင်တော့ပေ။ ဤသည်မှာ အာဏာ(၃)ရပ် ခွဲဝေကျင့်သုံးမှု၊ နည်းလမ
ဖြစ်ပေါ်လာသော စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်၏ ရု
သက်ရောက်မှုများဖြစ်သည်။

တုံးအောက်ကဖား ဖြစ်စရာမလို

ပြီးခဲ့သော ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီကြီးတစ်ခုက ကို
များစွာဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းကိစ္စအပေါ် လက်ဝဲ၊ လက်ယာ နိ
မစင်သူအချို့က "စစ်အာဏာရှင်စနစ်မှ တစ်ပါတီအာဏာရှင်စနစ်
ပြည်သူလူထုအားလုံး တုံးအောက်ကဖားဘဝ ရောက်ကြရတော့မည်"
ကြသည်။

မြန်မာနိုင်ငံတွင် ဖ.ဆ.ပ.လခေတ် ပါတီစုံစနစ်နှင့် ယနေ့ မြန်
စနစ်တို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးစနစ်ချင်းမတူကြသောကြေ
ဖြစ်သည်။

ဖ.ဆ.ပ.လခေတ် ပါတီစုံစနစ်မှာ ၁၉၄၇-ဖွဲ့စည်းအုပ်ချုပ်ပုံ
လက်ယာနိုင်ငံရေးစနစ်တို့ကြောင့် လက်ယာပါတီစုံစနစ် (Liberal M
tem)ဖြစ်သည်။ အာဏာ(၃)ရပ်ကို ပုဒ်မ-၅၆၊ ၉၀၊ ၁၄၀တို့နှင့်အညီ တစ်
တစ်ဖွဲ့တစ်ပါတီပိုင် ပစ္စည်းဖြစ်စေရန် ခွဲဝေအပ်နှင်းထားသည်။ ထို့ကြေ
အနိုင်ရသော ဖ.ဆ.ပ.လမှာ အာဏာရပါတီ၊ ပ.မ.ည.တမှာ အတိုက်အခံ
ယင်းအခြေအနေကြောင့် အတိုက်အခံနှင့် ပြည်သူလူထုတစ်ရပ်လုံးမှာ အာ

းကျိုးတရား၊ အမျိုးသားအကျိုးစီးပွားတို့ကို အရှည်မျှော်ကြည့်ပြီး ဝေဒနာ ည်းကြရမည်။

လမ်းဘေးရောက်သော ဗလာဇာတ်

င်တွင် ရွေးကောက်ပွဲကြီးကို ၂၀၀၈-ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ည်။ သို့ဖြစ်၍ ပစ္စုပ္ပန်နှင့် အနာဂတ် မြန်မာ့နိုင်ငံရေးအခင်းအကျင်းများ ခံဥပဒေအတိုင်း ဖြစ်သည်။ ပိုခြင်း၊ လိုခြင်း မရှိပေ။

ကျင်းများကို နားလည်ရန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို နားလည်ဖို့လို၏။ ပဒေကို မပိုင်ဘဲ နိုင်ငံရေးလုပ်ကြမည်ဆိုလျှင် ဆင်ကန်းတောတိုး းသော ဖြစ်ကြမည်။

က်ပွဲကြီးက နိုင်ငံရေးသင်ခန်းစာပေါင်းများစွာကို ပေးခဲ့သည်။ နိုင်ငံရေး းစွာကိုလည်း နိုင်ငံရေးနည်းလမ်းဖြင့် လက်တွေ့ဖြေရှင်းပြခဲ့သည်။ သော ယခင် နိုင်ငံရေးပါတီအချို့အား တရားဝင် နိုင်ငံရေးပါတီများအဖြစ် မှတ် ၉၇/၂၀၁၀ အပိုဒ်(၃)ဖြင့် ပယ်ဖျက်ခဲ့သည်။ ရွေးကောက်ပွဲဝင်ခဲ့ တို့အား ပါဝင်ယှဉ်ပြိုင်ခွင့်နှင့်အတူ သင့်လျော်သောနေရာများပေးပြီး းပါတီများဖြစ်စေခဲ့သည်။ ဤနည်းဖြင့် ရွေးကောက်ပွဲဝင်ခဲ့သော ပါတီ းပုံအခြေခံဥပဒေ စည်းဝိုင်းအတွင်းသို့ ရောက်စေခဲ့သည်။ ရွေးကောက်ပွဲ များမှာ ယင်းအခွင့်အရေးများ ဆုံးရှုံးရသည်။ ရွေးကောက်ပွဲဝင်ခဲ့သော လွှတ်တော်တွင်းရောက် တရားဝင်ပါတီဖြစ်ပြီး ရုံသွင်းဇာတ်အဆင့် ရွေးကောက်ပွဲမဝင်သောပါတီကြီးမှာ ထီးတင်ပွဲလည်းမမီ၊ ဘကြီးနဲ့လည်း မှုပြီး လမ်းဘေးရောက်သော ဗလာဇာတ်ဖြစ်ခဲ့ရသည်။ ၄င်းမှာ တူသော ၍ ဘယ်သူမပြု မိမိမှုပင်။ ယခုကျမှ ယင်းကိစ္စအတွက် ပိန္နဲပင်ကို မထိ ၄င်းပါတီပျက်မှာ ပါတီလည်းမမည်၊ NGO လည်းမဟုတ် ဖားတစ်ပိုင်း နသည်။

အပြန်အလှန်ထိန်းညှိခြင်းစနစ်

နိုင်ငံရေးပါတီများမှာ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ပစ္စုပ္ပန်နှင့်အနာဂတ် ညီ နိုင်ငံရေးလုပ်ခွင့်များ ရကြသည်။ နိုင်သောပါတီမှာ တာဝန်ပို၍ တာဝန်ပေါ့သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ ကောင်အထည်ဖော်ရာ၌မူ တာဝန်တူညီစွာ ရှိကြသည်။ ယင်းတာဝန်ကို အာဏာ(၃)ရပ် ခွဲဝေကျင့်သုံးမှု မှန်ကန်သောကြောင့် နိုင်ငံရေးပါတီ ၌လည်းကောင်း၊ အစိုးရနှင့် နိုင်ငံရေးပါတီများအကြား၌လည်းကောင်း င်းဆောင်ရွက်ရေးနှင့်အတူ အပြန်အလှန် ထိန်းညှိခြင်းစနစ် (Check များ ရှိလာမည်ဖြစ်သည်။ ထို့ကြောင့် လွှတ်တော်များအတွင်း၌ ညွှန့်ပေါင်း င်းအတိုက်အခံဟူ၍လည်းကောင်း၊ လွှတ်တော်ပြင်ပ၌လည်း ညွှန့်ပေါင်း ၍လည်းကောင်း ဖွဲ့စည်းရန်လည်း မလိုအပ်တော့ပေ။ ယင်းအခြေအနေ ွှန်လည်စည်းလုံးညီညွတ်ရေးအတွက် အရေးပါသည့် ရှေ့ပြေးနိုင်ငံရေး ဖြစ်သည်။

ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်း

န်မှာ တည်ဆဲတပ်မတော်အစိုးရ အုပ်ချုပ်ရေးကာလဖြစ်သည်။ ဤကာလ ီများသည် ပြည်သူလူထုတွင်း ပြဿနာများကို အခြေအနေအရ မဆိုင် က်လည်း အနာဂတ် ဒီမိုကရေစီအစိုးရခေတ်တွင် ယင်းပြဿနာများကို တော့ပေ။ တာဝန်ကိုယ်စီရှိလာမည်ဖြစ်သဖြင့် မူဘောင်အတွင်းမှ ပြည်သူ အခက်အခဲများကို လက်တွေ့ကိုင်တွယ် ဖြေရှင်းပေးသွားကြရမည်

ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းတွင် လွှတ်တော်သုံးရပ်လည်းရှိသည်။ းများ၊ နိုင်ငံရေးပါတီများနှင့် NGO များသည်လည်း အလျားလိုက်၊ ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် ည်။ အလျားလိုက်၊ ဒေါင်လိုက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန် ်များလည်းရှိနေ၏။ ယင်းအခြေအနေအောက်၌ စီးပွားရေး၊ လူမှုရေး၊ းစီရင်ရေးနယ်ပယ်များတွင် ဥပဒေချိုးဖောက်လိုသူများအတွက် ပုန်းခိုစရာ ဤသည်မှာ အာဏာ(၃)ရပ် ခွဲဝေကျင့်သုံးမှု၊ နည်းလမ်းမှန်ကန်မှုကြောင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်၏ ရုပ်ပုံလွှာနှင့် အကျိုး ဖြစ်သည်။

တုံးအောက်ကဖား ဖြစ်စရာမလို

ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီကြီးတစ်ခုက ကိုယ်စားလှယ်ဦးရေ ရရှိခဲ့သည်။ ယင်းကိစ္စအပေါ် လက်ဝဲ၊ လက်ယာ နိုင်ငံရေး သူငယ်နာ "စစ်အာဏာရှင်စနစ်မှ တစ်ပါတီအာဏာရှင်စနစ် ပြန်ရောက်သွားပြီ၊ လုံး တုံးအောက်ကဖားဘဝ ရောက်ကြရတော့မည်"ဟု တွေးထင်နေ

င်တွင် ဖ·ဆ·ပ·လခေတ် ပါတီစုံစနစ်နှင့် ယနေ့ မြန်မာနိုင်ငံ၏ ပါတီစုံ ပုံအခြေခံဥပဒေ၊ နိုင်ငံရေးစနစ်ချင်းမတူကြသောကြောင့် သံတူကြောင်းကွဲ

လခေတ် ပါတီစုံစနစ်မှာ ၁၉၄၇-ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် စနစ်တို့ကြောင့် လက်ယာပါတီစုံစနစ် (Liberal Multi Party Sys- ာဏာ(၃)ရပ်ကို ပုဒ်မ-၅၆၊ ၉၀၊ ၁၄၀တို့နှင့်အညီ တစ်စုတစ်ပေါင်းတည်း၊ င် ပစ္စည်းဖြစ်စေရန် ခွဲဝေအပ်နှင်းထားသည်။ ထို့ကြောင့် ရွေးကောက်ပွဲ ·ပ·လမှာ အာဏာရပါတီ၊ ပ·မ·ည·တမှာ အတိုက်အခံပါတီ ဖြစ်ရသည်။ ကြောင့် အတိုက်အခံနှင့် ပြည်သူလူထုတစ်ရပ်လုံးမှာ အာဏာရ ဖ·ဆ·ပ·လ ပါတီ၏ တုံးအောက်ကဖားဘဝ ရောက်ခဲ့ကြရသည်။ ဤသို့ဖြစ်ရခြင်းမှာ အာဏာ(၃)ရပ် ခွဲဝေကျင့်သုံးမှု နည်းလမ်းမှားခဲ့သောကြောင့်ဖြစ်၏။

ကျင်းပပြီးစီးခဲ့သော ပါတီစုံစနစ်မှာ ၂၀၀၈-ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသား နိုင်ငံရေးစနစ်တို့ကြောင့် အမျိုးသားပါတီစုံစနစ် (National Multi Party System) ဖြစ်သည်။ ၄င်းမှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံစနစ်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း-၃၊ ၄၊ ၅၊ ၆တွင် အာဏာ(၃)ရပ်ကို တပေါင်းတစည်းတည်း၊ တစ်ဖွဲ့တစ်ပါတီပိုင် ပစ္စည်းမဖြစ်စေရန် နည်းလမ်းမှန်ကန်စွာဖြင့် ခွဲဝေအပ်နှင်းထားသည်။ သို့ဖြစ်၍ အာဏာရပါတီလည်း မရှိ၊ အတိုက်အခံပါတီလည်း မရှိတော့ပေ။ အုပ်ချုပ်ရေးအာဏာကို ပုဒ်မ-၆၀ပါ ပြဋ္ဌာန်းချက်ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတထံတွင် အခန်း(၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွဲဝေအပ်နှင်းထားသည်။ ဥပဒေပြုရေးအာဏာကို အခန်း(၄)ပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များထံတွင် ခွဲဝေအပ်နှင်းထားသည်။ တရားစီရင်ရေးအာဏာမှာ အခန်း(၆)ပါ ပြဋ္ဌာန်းချက်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ခွဲဝေအပ်နှင်းထားသည်။ ဤနည်းဖြင့် အာဏာ(၃)ရပ်ကို အပြန်အလှန် ထိန်းညှိထားပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်ဦးရေများစွာဖြင့် အနိုင်ရရှိခဲ့သောပါတီကြီးသည် ဖ·ဆ·ပ·လခေတ်လိုမျိုး အာဏာရပါတီကြီးဖြစ်ခွင့် မရှိပေ။ သို့ဖြစ်၍ ယင်းပါတီ၏ တုံးအောက်ကဖားဘဝ ရောက်စရာအကြောင်းမရှိ။ ဤသို့ ဖြစ်ရခြင်းမှာ လက်ဝဲ/လက်ယာ အစွန်းတရားနှစ်ပါးမှ ကင်းလွတ်သော ပုဒ်မ-၃၇ပါ ပိုင်ဆိုင်ခွင့်များ၊ ပုဒ်မ-၃၅/၃၆ပါ ဈေးကွက်စီးပွားရေးစနစ်နှင့် အမျိုးသားနိုင်ငံရေးတို့နှင့်အညီ အာဏာ(၃)ရပ် ခွဲဝေကျင့်သုံးမှု နည်းလမ်းမှန်ကန်သောကြောင့် ဖြစ်၏။

အမျိုးသားရေးဦးတည်ချက်များ

ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်မှာ ရွေးကောက်ပွဲရလဒ်ကြီး တစ်ခုလုံး ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေသူများ၏ လုပ်ရပ်များကို နိုင်ငံရေးနည်းလမ်းဖြင့် ကာကွယ်လိုက်ခြင်းဖြစ်သည်။ တစ်ဆက်တည်းပင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ရွေးကောက်ပွဲရလဒ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပေါင်းစပ်ပြီး လမ်းပြမြေပုံအတိုင်း ရှေ့ဆက်ဆောင်ရွက်သွားရန် နိုင်ငံရေးလမ်းခင်းပေးခဲ့သည်။ ဤနည်းဖြင့် ၂၁-ရာစု ပင်လုံညီလာခံခေါ်ရေး၊ နိုင်ငံရေးလုပ်ဇာတ်ကို အဝါကတ်ပြပြီး တစ်ခန်းရပ်စေခဲ့သည်။ ထို့ကြောင့် တည်ဆဲတပ်မတော်အစိုးရသည် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်တွင် **"မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး"** ဟူ၍လည်းကောင်း၊ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်တွင် **"ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီးဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက် ကြိုးပမ်းဆောင်ရွက်ရေး"** ဟူ၍လည်းကောင်း အမျိုးသားရေး ဦးတည်ချက်များ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။

၂၁-ရာစု ဒီမိုကရေစီသမ္မတနိုင်ငံတော်

သင်္ချာနယ်တွင် ဘယ်အရာမဆို အကြောင်းရှိလျှင် အကျိုးရှိသည်။ အကျိုးရှိလျှင်လည်း အကြောင်းရှိနေသည်။ အကြောင်းမရှိသော အကျိုးတရား၊ အကျိုးမပါသော အကြောင်းတရားဟူ၍ မရှိပေ။ မြန်မာနိုင်ငံတွင် နိုင်ငံရေးစနစ်သုံးမျိုးနှင့်အတူ ရွေးကောက်ပွဲစနစ်သုံးမျိုးရှိခဲ့သည်။ ထို့ကြောင့် ရွေးကောက်ပွဲများမှ ထွက်ပေါ်လာသော နိုင်ငံရေး အကျိုးတရားဖြစ်သည့် အခင်းအကျင်းများမှာ ပုံစံတူမဟုတ်ကြပေ။

ဖ·ဆ·ပ·လခေတ် လက်ယာပါတီစုံရွေးကောက်ပွဲမှ လက်ယာဒီမိုကရေစီ (Liberal Democracy)၊ လက်ယာအစိုးရ (Liberal Government) နှင့် လက်ယာဒီမိုကရေစီသမ္မတနိုင်ငံတော် (Liberal Democratic Republic) ဖြစ်ပေါ်လာသည်။ ၄င်းတို့ကို ပါလီမန်ဒီမိုကရေစီ၊ ပါလီမန်ဒီမိုကရေစီအစိုးရ၊ ပါလီမန်ဒီမိုကရေစီသမ္မတနိုင်ငံတော်ဟုလည်း ခေါ်ကြသည်။

လမ်းစဉ်ပါတီခေတ် တစ်ပါတီစနစ်ရွေးကောက်ပွဲမှ လက်ဝဲဒီမိုကရေစီ (Socialist Democracy)၊ လက်ဝဲအစိုးရ (Socialist Government) နှင့် လက်ဝဲဒီမိုကရေစီသမ္မတနိုင်ငံတော် (Socialist Democratic Republic) တို့ပေါ်ထွက်လာခဲ့သည်။

အမျိုးသားပါတီစုံစနစ်ရွေးကောက်ပွဲမှ အမျိုးသားရေးဒီမိုကရေစီ (National Democracy)၊ အမျိုးသားအစိုးရ (National Government) နှင့် အမျိုးသားဒီမိုကရေစီသမ္မတနိုင်ငံတော် (National Democratic Republic) တို့ ဖြစ်ပေါ်လာမည်ဖြစ်၏။ ဤတွင် အမျိုးသားရေးဒီမိုကရေစီမှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ၊ အမျိုးသားအစိုးရမှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအစိုးရ၊ အမျိုးသားဒီမိုကရေစီသမ္မတနိုင်ငံတော်မှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီသမ္မတနိုင်ငံတော်ဖြစ်ပါသည်။ ယင်းသမ္မတနိုင်ငံတော်မှာ လက်ဝဲ/လက်ယာ အစွန်းနှစ်ပါးမှကင်းလွတ်သော ၂၁-ရာစု ဒီမိုကရေစီသမ္မတနိုင်ငံတော် အမျိုးအစားသစ်ဖြစ်သည်။ ဤကဲ့သို့ အပေါ်ထပ်အဆောက်အအုံတွင် နိုင်ငံရေးအခင်းအကျင်းသစ်များ ဖြစ်ပေါ်ရခြင်းမှာ ၂၀၀၈-ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အောက်ထပ်အဆောက်အအုံတွင်ပါရှိသော လက်ဝဲ/လက်ယာ အစွန်း နှစ်ပါးမှကင်းလွတ်သည့် ပုဒ်မ-၃၇ပါ ပြဋ္ဌာန်းချက်များ၊ ပုဒ်မ-၃၅/၃၆ပါ ဈေးကွက်စီးပွားရေးစနစ်နှင့် အမျိုးသားနိုင်ငံရေးတို့ကြောင့် ဖြစ်သည်။

အထက်ပါတို့မှာ ရွေးကောက်ပွဲကြီးအောင်မြင်ချောမောစွာ ပြီးဆုံးခဲ့မှုကြောင့် ဖြစ်ပေါ်လာသော ပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာ့နိုင်ငံရေး အခြေအနေများဖြစ်၏။

စစ်မှန်သော ဒီမိုကရေစီအရိပ်အာဝါသ

ဒီမိုကရေစီတွင် အတုအယောင်ဒီမိုကရေစီနှင့် စစ်မှန်သောဒီမိုကရေစီဟူ၍ ရှိသည်။ အတုနှင့်အစစ်ကို မြေယာလုပ်ငန်းစဉ်၊ အာဏာ(၃)ရပ် ခွဲဝေကျင့်သုံးနိုင်မှုတို့ဖြင့် ခွဲခြားသိနိုင်သည်။

အာဏာ(၃)ရပ်ကို တပေါင်းတစည်းတည်း၊ တစ်ဖွဲ့တစ်ပါတီပိုင် ပစ္စည်းဖြစ်စေသော ခွဲဝေကျင့်သုံးမှုသည် တစ်ဖွဲ့တစ်ပါတီ အကျိုးစီးပွားကိုသာ ဖြစ်စေ၍ ကျန်သော ပြည်သူလူထု အကျိုးစီးပွားကို ထိခိုက်စေသဖြင့် ဖိနှိပ်ရေးကိရိယာနှင့် ဖိနှိပ်ရေးအစိုးရ ဖြစ်လာသည်။ ဖိနှိပ်ရေးအစိုးရမှာ အာဏာရှင်အစိုးရဖြစ်၏။

အာဏာ(၃)ရပ်ကို တပေါင်းတစည်းတည်း၊ တစ်ဖွဲ့တစ်ပါတီပိုင် ပစ္စည်းမဖြစ်စေရန် ခွဲဝေကျင့်သုံးမှုမှာ ပြည်သူလူထုအကျိုးစီးပွားကို ဖြစ်စေသဖြင့် ထိန်းကျောင်းရေးကိရိယာနှင့် ထိန်းကျောင်းရေးအစိုးရဖြစ်သည်။ ထိန်းကျောင်းရေးအစိုးရမှာ ဒီမိုကရေစီအစိုးရ အစစ်အမှန်ဖြစ်၏။

၂၀၀၈-ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၇ပါ ပိုင်ဆိုင်ခွင့်ပြဋ္ဌာန်းချက်များသည်လည်း အာဏာ(၃)ရပ်ကို ထိန်းကျောင်းရေးကိရိယာအဖြစ် ခွဲဝေကျင့်သုံးထားသည်။

မြန်မာ့သမိုင်းတစ်လျှောက်တွင် ပေါ်ပေါက်ခဲ့သော နိုင်ငံရေးစနစ်အမျိုးမျိုးတို့ကြောင့် အာဏာ(၃)ရပ်ကို မှားယွင်းစွာခွဲဝေကျင့်သုံးခဲ့ကြသဖြင့် မြန်မာပြည်သူတို့သည် ဖိနှိပ်ရေးကိရိယာဖြစ်ခဲ့ကြသော အစိုးရများအောက်၌သာ ဘဝရှင်သန်ခဲ့ကြရသည်။ တစ်ကြိမ်တစ်ခါဖူးမျှ ထိန်းကျောင်းရေးကိရိယာဖြစ်သော အစိုးရအောက်တွင် နေခွင့်မရခဲ့ကြပေ။ မကြာသောကာလတွင် ထိန်းကျောင်းရေးကိရိယာဖြစ်သော အစိုးရအုပ်ချုပ်မှုအောက်သို့ ရောက်ရှိကြတော့မည်ဖြစ်၏။ ယင်းသို့ ရောက်ရှိမှုသည် မြန်မာနှင့် ကမ္ဘာ့ပြည်သူတို့ နှစ်ရာစုပေါင်းများစွာ မျှော်လင့်တောင့်တခဲ့သော လက်ဝဲ/လက်ယာ အစွန်းနှစ်ပါးမှကင်းလွတ်သည့် စစ်မှန်သော ဒီမိုကရေစီ၊ စစ်မှန်သောဒီမိုကရေစီအစိုးရ၊ စစ်မှန်သောဒီမိုကရေစီအုပ်ချုပ်ရေး၊ အရိပ်အာဝါသအောက်သို့ အမှန်တကယ် ရောက်ရှိကြခြင်းပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

ရွေးကောက်ပွဲကြီးအောင်မြင်ခဲ့ခြင်းမှာ အကျိုးတရားဖြစ်ပြီး ယင်း၏ အကြောင်းတရားအစစ်မှာ ရွေးကောက်ပွဲတွင် ဘက်ပေါင်းစုံမှ ပါဝင်ဆောင်ရွက်ခဲ့သူများ၏ စုပေါင်းလုပ်ဆောင်ချက်ဖြစ်သည်။ ပါဝင်သူများတွင် တည်ဆဲအစိုးရနှင့် ကော်မရှင်မှာ ကွင်းလယ်ဒိုင်နှင့် အရန်ဒိုင်လူကြီးများဖြစ်သည်။ အဓိက(Player)ပလေယာများမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ပါတီ/ပုဂ္ဂိုလ်များနှင့် မဲဆန္ဒရှင် ပြည်သူလူထုဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲကြီးအောင်မြင်မှုကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေး အကျိုးကျေးဇူး အသီး၊ အပွင့်များမှာ တစ်ဖွဲ့၊ တစ်ပါတီပိုင် ပစ္စည်းမဟုတ်ပေ။ နိုင်သူ/ရှုံးသူ ပါဝင်သူအားလုံးနှင့်ဆိုင်သော ပစ္စည်းဖြစ်သည်။

လှိုင်သာယာ - အလုံ မဟာဓာတ်အားလိုင်း မြစ်ကျော်တာဝါတိုင် တည်ဆောက်ရေးလုပ်ငန်းခွင် ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကမ်းနားလမ်းရှိ အလုံဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့အား အလုံဓာတ်အားခွဲရုံ Control Room အဆောက်အအုံ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁) ဒုတိယအင်ဂျင်နီယာချုပ် ဦးနေအောင်ရဲမြင့်က လှိုင်သာယာ-အလုံ 230 KV လှိုင်မြစ်ကျော် တာဝါတိုင် တည်ဆောက်ရေးလုပ်ငန်း Bold Pile တူးခြင်းလုပ်ငန်းနှင့် စပ်လျဉ်းသည့် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် Foundation Design အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

လုပ်ငန်းဆောင်ရွက် ပြီးစီးမှုနှင့် စပ်လျဉ်း၍ တင်ပြရာတွင် မြစ်ကျော်တာဝါတိုင် တည်ဆောက်ရေးလုပ်ငန်း အလုံဘက်ကမ်းရှိ (RCS-2) River Crossing Suspension No.2 အတွက် Pile Cap(4)ခုံ တည်ဆောက်ရမည်ဖြစ်ပြီး Pile Cap တစ်ခုံတွင် Bold Pile ၁၂တိုင်ပါရှိမှု၊ ယခုအခါ Pile Cap သုံးခုံ ပြီးစီးမှု၊ (RCT-2) River Crossing Tension No.2 ၏ Bold Pile ဖောင်ဒေးရှင်းလုပ်ငန်း အတွက် မြေပြုပြင်လျက်ရှိမှု၊ လှိုင်မြစ်အနောက်ဘက်ခြမ်း ဆိပ်ကြီးဘက်ကမ်းတွင် တည်ဆောက်လျက်ရှိသော (RCS-1) River Crossing Suspension No.1 လုပ်ငန်း၌ Bold Pile နှစ်တိုင်ပြီးစီးမှုနှင့် RCT- 1 River Crossing Tension No.1 တည်ဆောက်ရေးလုပ်ငန်းခွင်၌ Bold Pile နှင့် Pile Cap လုပ်ငန်းများအားလုံး ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ကျွမ်းကျင်သူ ဒေါက်တာစန်းဦးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာ - အလုံ (230 KV) မဟာဓာတ်အားလိုင်း လှိုင်မြစ်ကျော် တာဝါတိုင် RCS -2 လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း မလွကုန်းလမ်း အမှတ် ၈၈နေ ဦးသန်းနိုင်-ဒေါ်ဆွေဇင်နွယ်တို့၏ (၃)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ကျောက်တန်းဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ကို ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းလှရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၅)

❖ *ကျောဖုံးမှ*

ထို့ကြောင့်ပင် စာရေးသူအနေဖြင့် တိုဟူးအကြောင်း သိချင်ဇောဖြင့် တိုဟူးရောင်းသူ ဒေါ်ခင်ထားအား မေးကြည့်၏။

ရှင်းပြ

"အမေကြီးတို့ ဒီဈေးအတွင်း၊ ဈေးအပြင်မှာ ရောင်းနေတဲ့ တိုဟူးသည်တွေအားလုံးဟာ အင်းဇင်းရွာကပါ။ အင်းဇင်းရွာက ရမည်းသင်းမြို့ တောင်ဘက်မှာ ရှိပါတယ်။ တစ်ရွာလုံးနီးပါး တိုဟူးလုပ်ရောင်းကြပါတယ်။ ဒီမှာတော့ ဆိုင်ပေါင်း ၃၀လောက် ရှိပါတယ်။ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာအထိ သွားရောင်းကြပါတယ်"ဟု ဦးစွာ ရှင်းပြသည်။

"အမေကြီးတို့ အင်းဇင်းရွာကထွက်တဲ့ တိုဟူးက ကုလားပဲခြမ်းနဲ့လုပ်တာဆိုတော့ အရသာပိုကောင်းပါတယ်"

ဒေါ်ခင်ထား
တိုဟူးရောင်းသူ။

ကုလားပဲခြမ်းစစ်စစ်နဲ့လုပ်

"ပြီးတော့ အမေကြီးတို့ တိုဟူးတွေက အနည်းဆုံး ငါးရက်လောက်ခံပါတယ်။ ဒီတိုဟူးတွေကို ကုလားပဲခြမ်းစစ်စစ်နဲ့ လုပ်တာပါ။ ကုလားပဲခြမ်းကို ညကတည်းက ရေစိမ်ထားပါတယ်။ မနက်မိုးလင်းတာနဲ့ စိမ်ထားတဲ့ ကုလားပဲခြမ်းတွေကို ကြိတ်ရပါတယ်။ ပြီးတော့ ဒလက်နဲ့ မွှေပေးရပါတယ်။ အပေါ်ယံ အရည်ကြည်တွေကိုတော့ သွန်ပစ်ပြီး အနှစ်ကို ကျိုတာဖြစ်ပါတယ်။ ကုလားပဲခြမ်း တစ်ပိဿာကျိုရင် တိုဟူးသုံးပိဿာလောက် ရပါတယ်။ တစ်ပိဿာ ငွေကျပ် ၁၀၀၀ ဝန်းကျင် ရောင်းရပါတယ်"ဟု ဒေါ်ခင်ထားက ဆက်လက်ရှင်းပြသည်။

စားလို့ကောင်း

ထို့ကြောင့် နေပြည်တော်ခရိုင် တပ်ကုန်းမြို့သို့ တစ်ခါတစ်ခေါက် ရောက်ခဲ့မည်ဆိုလျှင် အရသာရှိ စားလို့ကောင်းသည့် အင်းဇင်းရွာက ထွက်သည့် တိုဟူးကို ဝယ်သွားဖို့တော့ မမေ့ကြပါနဲ့ဟု....။

(မြန်မာ့အလင်း)

ကနိစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ

ဖျာပုံ ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကနိ စံပြကျေးရွာ ကနိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ကနိအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဇေယျာစံစံခန်းမ၌ ဒီဇင်ဘာ ၂၄ရက် နံနက် ၁၁နာရီက ကျင်းပသည်။

ဂုဏ်ပြုဆုချီးမြှင့်

အခမ်းအနားတွင် ကနိအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ ဆရာမ ဒေါ်ကြူကြူစိန်နှင့် ကနိ စံပြကျေးရွာ ဥက္ကဋ္ဌ ဦးညိုဝင်းထွဋ်တို့က အမှာစကားပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူ ၅၄ဦးအား လည်းကောင်း၊ အောင်ချက်ကောင်းအောင် စီမံခန့်ခွဲပေးခဲ့သော ကျောင်းအုပ်ဆရာကြီးနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများအားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၃၈)

ကော်ဖီတိုးချဲ့စိုက်ပျိုးရေး မူဆယ်၌ဆွေးနွေး

မူဆယ် ဇန်နဝါရီ ၅

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးသည် ကော်ဖီပညာရှင်များဖြစ်သော ဦးဆန်းလွင်၊ ဦးကျော်ဝင်းတို့နှင့်အတူ မူဆယ်ခရိုင်အတွင်းရှိ ပုဂ္ဂလိကစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကော်ဖီတိုးချဲ့စိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲကို မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီကကျင်းပရာ မူဆယ်ခရိုင်ဥက္ကဋ္ဌ ဦးမိုးဟိန်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးက ဆွေးနွေးပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ဆက်လက်ပြီး ကော်ဖီပညာရှင်များဖြစ်သော ဦးဆန်းလွင်နှင့် ဦးကျော်ဝင်းတို့က ကော်ဖီစိုက်ပျိုးရေးနည်းပညာများကို ဆွေးနွေးပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်နယ်မန်နေဂျာနှင့်အဖွဲ့သည် ပုဂ္ဂလိက ကော်ဖီစိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လှိုင်မြို့နယ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အလက(၇)လှိုင်တွင် ကျင်းပရာ သတ္တမတန်းတွင် မြို့နယ် သင်္ချာထူးချွန် ဒုတိယဆု၊ ၂၀၀၉-၂၀၁၀ ဘက်စုံထူးချွန် ဒုတိယဆုများ ရရှိသော မောင်ချမ်းမြေ့နိုင်အား ဆရာမကြီး ဒေါ်ဝင်းဝင်းမြင့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျောက်ဖြူ၌ မိုးစပါးစံကွက်ရိတ်သိမ်း

ကျောက်ဖြူ ဇန်နဝါရီ ၅

ကျောက်ဖြူခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ၂၀၁၀-၂၀၁၁ ခုနှစ်ခရိုင်အဆင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁ရက်က ကျောက်ဖြူမြို့ ဂုံးချိန်ကျေးရွာအုပ်စု ကွင်းအမှတ်(၄၄၉)၊ ဦးပိုင်အမှတ် (၂၃/က) တောင်သူ ဦးဝဲဒိုး လယ်မြေ၌ကျင်းပရာ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ကျောက်ဖြူခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်စံသာ၊ ခရိုင်စက်မှုလယ်ယာ တာဝန်ခံ ဦးဝင်းသိန်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မြို့နယ်တာဝန်ခံ ဦးတင်မောင်ရီ၊ ခရိုင်စိုက်ပျိုးရေးပိုးမွှားတာဝန်ခံ ဦးအောင်ခင်စိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကျေးရွာတောင်သူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ထွက်ရှိ

ထို့နောက် မိုးစပါးစံကွက်ရိတ်သိမ်းရာ ဆင်းသွယ်လတ်တစ်ဧကတွင် ၈၀ ဒသမ ၁၂တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လမိုင်းမြို့ တောင်ဘုံ - သောင်ပြင်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အရှည်ပေ ၁၂၀၊ အကျယ် ၁၆ပေရှိ ကွန်ကရစ်တံတားအား ကိုယ့်အားကိုယ်ကိုးဆောက်လုပ်နေမှုကို ဒီဇင်ဘာ ၁၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



ရေတာရှည်မြို့၌ စံကွက်ရိတ်သိမ်း

ရေတာရှည် ဇန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန တိုင်းမြေစာရင်းဦးစီးမှူး ဦးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၉ရက် နံနက်၉နာရီက မိုးစပါးအထွက်နှုန်းမှန်ကန်ရေးအတွက် ရေတာရှည်မြို့နယ် ကြံသန္တယ်ကျေးရွာအုပ်စုတွင် စံကွက်ရိတ်သိမ်းကြသည်။မိုးစပါးစိုက်ခင်း စံကွက်ရိတ်သိမ်းရာတွင် ကြံသန္တယ်ကျေးရွာအုပ်စု တောင်သူ ဦးအေးမောင်၏ ဧရာမင်းစပါးမျိုး လယ်မြေ ၉ဒသမ ၈၂ဧကမှ ကောင်းစပါးမျိုး တစ်ဧကလျှင် အခြောက် ၈၇ဒသမ၃၂တင်းနှုန်း ထွက်ရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

အောင်ပွဲရအားကစားအသင်းများအား ဂုဏ်ပြု

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၅

ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီး အားကစားအသင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက် ညနေပိုင်းက တိုင်းစစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

ရှေးဦးစွာ အောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အားကစားအသင်းများက တံခွန်စိုက်ဒိုင်းဆုများကိုအပ်နှံကြရာ **(ယာပုံ)** တိုင်းမှူးက လက်ခံပြီး ဂုဏ်ပြုဆုငွေများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး အောင်ပွဲရအားကစားအသင်းများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးသည် အောင်ပွဲရအားကစားအသင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ရေးဆိုင်ရာနိုင်ငံတကာဥပဒေများ စာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၅

စာရေးဆရာ ပါမောက္ခ ဦးကျော်ညွန့်(ငြိမ်း)၏ စစ်ရေးဆိုင်ရာ နိုင်ငံတကာဥပဒေများ စာအုပ်ကို **(ယာပုံ)** ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

စစ်ပွဲဟူသည်မည်သည့်အကြောင်းအခြင်းအရာကို အခြေခံ၍ ဖြစ်ပွားပေါ်ပေါက်လာသည်ဖြစ်စေ လူသားတို့ ထောင်သောင်းချီ၍ သွေးချောင်းစီးအောင် အသက်စတေးခဲ့ကြရစမြဲဖြစ်သည်။ ထိုဖြစ်ရပ်မျိုးများ လျော့ပါးကင်းစင်စေရန် နိုင်ငံတကာဥပဒေပညာရှင်များက စစ်ဥပဒေများ၊ စည်းကမ်းချက်များ၊ နည်းလမ်းများကို သုတေသနပြု ဖော်ထုတ်ခဲ့ကြသည်။ ထို့နောက် အစိုးရကိုယ်စားလှယ်များက နိုင်ငံတကာညီလာခံများ ကျင်းပ၍ နိုင်ငံတကာစာချုပ်စာတမ်းများကို တိကျစွာရေးဆွဲကြသည်။ ထို့နောက်တွင် ဥပဒေပြုခွင့်အာဏာရသော အဖွဲ့အစည်းများက သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ ပြည်တွင်းဥပဒေအဖြစ် ရေးဆွဲအတည်ပြု ပြဋ္ဌာန်းခဲ့ကြသည်။ ထိုသို့ ပြဋ္ဌာန်းခဲ့ကြသော ကြည်း၊ ရေ၊ လေ စစ်ပွဲဆိုင်ရာ ဥပဒေသများ၊ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာစာချုပ်စာတမ်းများမှ မှတ်သားဖွယ်ရာများအဖြစ် ကောက်နုတ်စုစည်းတင်ပြထားခြင်းဖြစ်သည်။

စစ်ပွဲတွင် အရပ်သားများ၊ သက်ကြီးရွယ်အိုများ၊ မိန်းမနှင့် ကလေးများကို ဘယ်လိုကာကွယ်ပေးရမလဲ၊ လူနေမြို့ကြီးများကို ဗုံးအမြောက်တို့ဖြင့် တိုက်ခိုက်ခွင့်ရှိသလား၊ ပင်လယ်ဓားပြနှင့် အကြမ်းဖက်သမားများကို ဘယ်လိုကိုင်တွယ်ရမလဲ၊ အဖျက်စွမ်းအားကြီး လက်နက်များ၊ ဓာတုဇီဝ လက်နက်များကို သုံးစွဲတိုက်ခိုက်ခွင့်ရှိသလား အစရှိသည့် ပြဿနာများကို စုစည်းဖော်ပြထားသည်။

ကြည်း၊ ရေ၊ လေ တပ်မတော်သားများမှအစ၊ ဥပဒေနှင့် နီးနွယ်နေသူများအလယ်၊ တရားသောစစ်ပွဲအကြောင်း သိရှိသဘောပေါက်လိုသည့် ပညာဗဟုသုတရှာမှီးလိုသူများအဆုံး ဖတ်ရှုမှတ်သားသင့်သော အဆိုပါစာအုပ်ကို Wisdom House စာအုပ်တိုက် အမှတ် ၁၀၁ တိုက် ၁၁၉၁-၁၁၉၂ လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၅၈၅၃၃၊ ၀၁-၅၄၅၀၃၆နှင့် ၀၉-၄၉၂၈၈၉၄၈ မှ ဖြန့်ချိပြီး စာအုပ်တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်

ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တံခွန်စိုက်ရေကူးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား သက်တန်းအလိုက် တံခွန်စိုက် ရေကူးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲများကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

ပြိုင်ပွဲများကျင်းပ

ပြိုင်ပွဲများကို ဇန်နဝါရီ ၃ရက်မှ ၄ရက်အထိ ပွဲစဉ်ပေါင်း ၈၄ပွဲ ကျင်းပခဲ့ရာ အလွတ်တန်း အမျိုးသား မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ မီတာ၁၀၀ အလွတ်ကူး၊ ပက်လက်ကူး၊ လိပ်ပြာကူးပြိုင်ပွဲများ၊ အမျိုးသမီး မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲများ၊ အမျိုးသား အမျိုးသမီး မီတာ ၅၀ လေးယောက် လွှန်းပြန်အလွတ်ကူးနှင့် လွှန်းပြန် လေးမျိုးကူးပြိုင်ပွဲများ၊ အမျိုးသား အမျိုးသမီး အသက် ၁၆နှစ်အောက်၊ အသက် ၁၄နှစ်အောက်၊ ၁၂နှစ်အောက်နှင့် ၁၀နှစ်အောက် မီတာ ၂၀၀၊ မီတာ ၁၀၀၊ မီတာ ၅၀ တစ်ဦးချင်း လေးမျိုးကူး၊ အလွတ်ကူး၊ ပက်လက်ကူး၊ ရင်ပေါင်တန်းကူးနှင့် လိပ်ပြာကူးပြိုင်ပွဲများကို ကျင်းပခဲ့သည်။ ဆုရရှိသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ဝဲပုံ)**

တံခွန်စိုက်

ပြိုင်ပွဲတွင် အမျိုးသား အကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုကို ယူနိုက်တက် (က)အသင်းမှ အံ့ခေါင်ထွန်းနှင့် မစပယ်သင်းတို့က လည်းကောင်း၊ အသင်းလိုက် တတိယဆုကို ILBC ကလပ် အသင်းကလည်းကောင်း၊ အသင်းလိုက် ဒုတိယဆုကို Heard Body ကလပ်အသင်းမှလည်းကောင်း၊ အသင်းလိုက် ပထမ တံခွန်စိုက်ဆုကို United ကလပ်အသင်းတို့ကလည်းကောင်း ရရှိသွားကြောင်း သိရသည်။ **(ရေကူးအဖွဲ့ချုပ်)**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် ကော့မူးရာ-နောင်ထလုံး-ထုံးအိုင်ကျေးလက် ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက်က အဆိုပါလမ်း၌ကျင်းပရာ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း၊ နောင်ထလုံးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ထုံးအိုင်ကျေးရွာ ရပ်မိရပ်ဖ ဦးစိုးဖေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ (15 th MGC Junior Golf Open Championships 2011) ကို ဇန်နဝါရီ ၁၀ရက်နှင့် ၁၁ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာ ဂေါက်သီးရိုက်အသင်း ကိုးမိုင် ပြည်လမ်း၌ ကျင်းပမည်ဖြစ်ရာ 15th MGC Junior Golf Open Championships 2011 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသက် (၁၀-၁၂)နှစ်အတန်း၊ အသက်(၁၃-၁၅)နှစ်အတန်း၊ အသက်(၁၆-၂၀)နှစ် အတန်းများနှင့် အမျိုးသမီးပြိုင်ပွဲ၌ အသက်(၁၀-၁၈)နှစ် အတန်းဟူ၍ လေးတန်း ခွဲခြားပြီး ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ယင်းပြိုင်ပွဲများ၏ ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာ ဂေါက်သီးရိုက်အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်း အလှူရှင်များက ကူညီပံ့ပိုးကြမည်ဖြစ်ပြီး ထပ်မံပံ့ပိုးလိုသော အလှူရှင်နှင့် အဖွဲ့အစည်းများရှိပါက စီမံ(မန်နေဂျာ) ဖုန်း-၆၆၅၅၃၁သို့ ဆက်သွယ် ဆောင်ရွက်နိုင်သည်။ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ် လူငယ် ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် ဇန်နဝါရီ ၈ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်း ကိုးမိုင် ပြည်လမ်းသို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ် သိရှိလိုပါက မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၁၇၀၂-၆၆၅၅၃၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

စစ်ဆေး

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင် ပွဲလှေးဈေးအတွင်း အိုင်အိုဒင်းဆားများရောင်းချမှု စစ်ဆေးခြင်းကို ဒီဇင်ဘာ ၇ ရက်က အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် ကျန်းမာရေးဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ခင်ဦး၌ ဆောင်ရွက်

ခင်ဦး ဇန်နဝါရီ ၅

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ခင်ဦးမြို့ပေါ်ရှိ မြို့မဈေး၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများတွင် ဒီဇင်ဘာ ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးချစ်ငွေ၊ ဒေါက်တာကျော်သက်ခိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းညီညီမောင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

IGE Group of Companies

မှ

United Amara Bank

(လသာ ဘဏ်ခွဲ) ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အစွန့်ရှည်တည်တံ့ တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကျော်မိုးနိုင်
(Managing Director)
Lighting Specialist Co.,Ltd.
ခရစ်(စ်)လိုက်

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

ရော်နယ်ဒင်ဟိုကိုခေါ်ယူရန် ဘလက်ဘန်းစီစဉ်နေ

လန်ဒန် ဇန်နဝါရီ ၅

ဘရာဇီးနှင့်အေစီမီလန်တိုက်စစ်မှူး ရော်နယ်ဒင်ဟိုအား ဘလက်ဘန်းအသင်းက ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ ဖြင့် သုံးနှစ် စာချုပ်တစ်ရပ် ချုပ်ဆိုရန် စီစဉ်နေကြောင်း ဇန်နဝါရီ ၅ရက်က သတင်းထုတ်ပြန်သည်။

ထက်သန်

အသက် ၃၀ အရွယ်ရှိ ရော်နယ်ဒင်ဟိုကလည်း ပရီမီယာလိဂ်တွင် ကစားရန် စိတ်အားထက်သန်လျက်ရှိပြီး မိမိတို့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း ဘလက်ဘန်းကလပ်ဥက္ကဋ္ဌ ဒီဆိုင်းက ပြောကြားသည်။

ဘလက်ဘန်းအသင်းသည် အခြားဥရောပ ထိပ်သီးအသင်းများမှ ကစားသမားအချို့အား အငှားစာချုပ်တစ်ရပ်ဖြင့် ခေါ်ယူရန်လည်း စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

အေစီမီလန်တိုက်စစ်မှူး ရော်နယ်ဒင်ဟို

ကာကာ ရီးရဲမက်ဒရစ်၌ ပြန်ကစားနိုင်ပြီ

မက်ဒရစ် ဇန်နဝါရီ ၅



ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ကာကာ (ဝဲ)သည် ဒူးဒဏ်ရာ ခွဲစိတ်ကုသမှုခံယူပြီးနောက် သက်သာလာသဖြင့် ရီးရဲမက်ဒရစ်နှင့်အတူ ကြံ့ခိုင်မှုအပြည့်ဖြင့် ပြန်လည်ကစားနိုင်ပြီဖြစ်ကြောင်း ၎င်းကလပ်မှ တာဝန်ရှိသူများက ဇန်နဝါရီ ၅ရက်၌ ပြောကြားသည်။

ပါဝင်ကစား

အသက် ၂၈နှစ်အရွယ်ရှိ ကာကာသည် ပြီးခဲ့သည့် ဇန်နဝါရီ ၃ရက်က လာလီဂါပွဲစဉ်အဖြစ် ဂီတာဖေးအသင်းနှင့် ရီးရဲမက်ဒရစ် တို့ ယှဉ်ပြိုင်သည့်ပွဲတွင် စတင်ပါဝင်ကစားနိုင်ခဲ့သည်။ ကာကာသည် ပြီးခဲ့သည့် ၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးနှင့် နယ်သာလန်တို့ပွဲ၌ ကစားခဲ့ပြီးနောက် ဒူးဒဏ်ရာရရှိခဲ့ရာမှ ပွဲစဉ်များ မကစားနိုင်ဘဲ ရှိနေခဲ့သည်။ ယခုအခါ ခွဲစိတ်ကုသမှု သက်သာလာခဲ့ပြီဖြစ်ရာ ကြံ့ခိုင်မှုအပြည့်ဖြင့် ကစားနိုင်တော့မည် ဖြစ်သည်။ ကာကာက ရီးရဲမက်ဒရစ်အတွက် ဂိုးများသွင်းယူပေးပြီး လာလီဂါဖလားရရှိအောင် ကြိုးစားပေးသွားမည်ဟု ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

ဟာနန်ဒက်ဇ်နှင့် နာနီတို့ သွင်းဂိုးဖြင့် မန်ယူနိုင်ပွဲရ

လန်ဒန် ဇန်နဝါရီ ၅

ပရီမီယာလိဂ်ပွဲစဉ်များကို ဇန်နဝါရီ ၅ရက်က မန်ယူနှင့်စတုတ်၊ ဖူလ်ဟမ်နှင့်ဝက်စ်ဘရွန်း၊ ဘလက်ပူးလ်နှင့်ဘာမင်ဂမ်တို့ ယှဉ်ပြိုင်ကစားရာ မန်ယူ၊ ဖူလ်ဟမ်နှင့်ဘာမင်ဂမ်တို့ နိုင်ပွဲများရရှိခဲ့ကြသည်။

မန်ယူနှင့် စတုတ်

မန်ယူတို့ တန်းစီဇယားထိပ်ဆုံးကို စိုးမိုးနိုင်ရေးအတွက် ဟာနန်ဒက်ဇ်၊ ဘာဘာတော့ဗ်၊ နာနီတို့တိုက်စစ်အတွဲကို ပွဲထွက်ကစားစေခဲ့သည်။ မန်ယူတို့ အိမ်ကွင်း၌ စတုတ်ကို ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့် ၁၉ကြိမ်ရရှိခဲ့သည်။ မန်ယူအတွက် အဖွင့်ဂိုးကို ဟာနန်ဒက်ဇ်က ပွဲချိန် ၂၇မိနစ်တွင် သွင်းယူပေးခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း မန်ယူတို့ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့ရာမှ ပွဲချိန် ၆၂မိနစ်၌ နာနီက မန်ယူအတွက် ဒုတိယဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ အသက် ၂၀အရွယ် ဟာနန်ဒက်ဇ်သည် မန်ယူအတွက် ယခုနှစ်ဘောလုံးရာသီ၌ ယခုသွင်းဂိုးအပါအဝင် ကိုးဂိုးသွင်းယူပေးထားနိုင်ပြီ ဖြစ်သည်။ စတုတ်အတွက် ချေပဂိုးကို ပွဲချိန် မိနစ် ၅၀၌ ဒန်ပ္ပိုက်က ဂိုးသွင်းယူပေးခဲ့သည်။ စတုတ်သည် ၁၉၈၀ပြည့်နှစ်နောက်ပိုင်း မန်ယူ၏ အိုးထရက်ဖို့ဒ်ကွင်း၌ ပထမဆုံးဂိုးသွင်းယူနိုင်ခြင်းပင် ဖြစ်သည်။ မန်ယူတို့ ယခုပွဲအနိုင်ရရှိခဲ့ရာ တန်းစီဇယားထိပ်ဆုံးကို ဆက်လက်စိုးမိုးထားနေဆဲဖြစ်သည်။

မန်ယူနှင့် စတုတ်တို့ ပွဲတွင် မန်ယူအတွက် အဖွင့်ဂိုးကို လူငယ်တိုက်စစ်မှူး ဟာနန်ဒက်ဇ် (ဝဲ)က စတုတ်နောက်ခံလူတစ်ဦးဟန့်တားနေသည့်ကြားမှ ဤသို့ ဂိုးသွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

ဖူလ်ဟမ်နှင့် ဝက်စ်ဘရွန်း

ဖူလ်ဟမ်တို့ အိမ်ကွင်း၌ ဂိုးပြတ်သွင်း အနိုင်ယူခဲ့သည်။ ပွဲစတင်ကတည်းက ဖူလ်ဟမ်တို့ ဂိုးစောစီးစွာသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ပထမပိုင်း ပွဲချိန်ပြီးခါနီးတွင် ဒေးဗစ်က ဖူလ်ဟမ်အတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၅၆မိနစ်၌ ဒမ်ပဆေးက ဖူလ်ဟမ်အတွက် ဒုတိယဂိုးသွင်းယူပေးခဲ့ပြီး ဟန်ဟီလန်က ပွဲချိန် ၅၆မိနစ်၌ တတိယဂိုးသွင်းယူပေးခဲ့ရာမှ ဝက်စ်ဘရွန်းတို့ ချေပဂိုးမသွင်းနိုင်ဘဲ သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဘလက်ပူးလ်နှင့် ဘာမင်ဂမ်

ဧည့်သည် ဘာမင်ဂမ်တို့ အဝေးကွင်း၌ နိုင်ပွဲရရှိခဲ့သည်။ ဘာမင်ဂမ်အတွက် ဂိုးများကို ပွဲချိန် ၂၄မိနစ်၌ လက်ဘ်က တစ်ဂိုးနှင့် ပွဲချိန် ၈၉မိနစ်၌ ဒေးဗစ်ဒန်းက တစ်ဂိုးသွင်းယူခဲ့သည်။ ဘလက်ပူးလ်အတွက် ချေပဂိုးကို ပွဲချိန်မိနစ် ၆၀၌ ကမ့်ဘဲလ်က သွင်းယူပေးခဲ့သဖြင့် ဘာမင်ဂမ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အင်တာနက်)**

မင်္ဂလာညှိခံပွဲ ကျေးဇူးတင်လွှာ

သိမ်ဖြူမြို့နေ (ဦးအုန်းခိုင်-ဒေါ်မြညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အဝေရာအိမ်ရာ၊ အဝေရာလမ်း၊ အမှတ် (၆၄)နေ ဦးကြည်ဝင်း [ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ စက်မှု-၁]-ဒေါက်တာဒေါ်မြမြဝင်း(ဒုတိယဆေးရုံအုပ်-ရွှေလမင်းဆေးရုံ)တို့၏တူသား

ဗိုလ်ကြီးဇင်မောင်မောင်

B.E (Mechanical); D.S.T.A မန္တလေးမြို့

နှင့်

ရန်ကုန်မြို့၊ ဆရာစံ(တောင်)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ငွေလရောင်လမ်း၊ အမှတ် (၂၅)နေ ဦးမြဝင်း (မြဝတီစာပေတိုက်-ငြိမ်း)-ဒေါ်ခင်နွဲ့ရီ (အန်တီနွဲ့-မိသားစုစတိုး)တို့၏သမီးငယ်

မချောနုဝင်း

B.Sc (Hons); M.Sc (Engineering Mathematics), Diploma in Business Law (Y.U)

တို့၏ ၂၆-၁၂-၂၀၁၀ရက် Dolphin Restaurant တွင်ကျင်းပသော စေ့စပ်ပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိဧည့်သည်တော်များ၊ ၃၁-၁၂-၂၀၁၀ရက် မင်္ဂလာလက်ထပ်ပွဲတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းထွေးအားလည်းကောင်း၊ ၂-၁-၂၀၁၁ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom) ခန်းမ၌ ကျင်းပသော မင်္ဂလာညှိခံပွဲတွင် အောင်မင်္ဂလာပန်းကုံးများချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးမြင့်မော်နှင့်ဇနီး ဒေါ်စိုးစိုးခိုင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးဘသန်း (ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)နှင့်ဇနီး ဒေါ်စွဲ့ခင်မာဝင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းနှင့်ဇနီး ဒေါ်သန်းသန်းမြင့်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဝင်းတင်၊ မေတ္တာဖြင့် စောင်းတီးခတ်ပေးပါသော ပန်တျာအေးအေးမြင့်၊ မေတ္တာဖြင့် မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်ချိုနော်ဇာ၊ တေးသံသာများသီဆိုပေးပါသောတေးသံရှင်များနှင့် (The Aces Band) တေးဂီတအဖွဲ့၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော သမီးလေးမြမှူးခင်၊ မင်္ဂလာပန်းကြဲပေးပါသော မယဉ်သီတာအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မမေသကြိန်ဦး၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးကျော်မျိုးမင်းနှင့် ဗိုလ်ကျော်ရာဇာဝင်း၊ မင်္ဂလာသတို့သမီးအရံ မသော်တာသန်းနှင့် မကေသွယ်ခိုင်စိုး၊ မိတ်ကပ်နှင့်ဆံပင်ထုံးဖွဲ့ပေးပါသော မိတ်ကပ်ခင်စန်းဝင်း၊ မင်္ဂလာဝတ်စုံချုပ်ပေးပါသော ဒီဇိုင်နာပြည့်စိုးအောင်၊ မေတ္တာဖြင့်လက်ဝတ်ရတနာစိန်ထည်များဆင်မြန်းပေးပါသော ဦးဘသန်း(ဘသန်းရွှေသန့်စင်လုပ်ငန်း)နှင့်ဇနီး ဒေါ်စွဲ့ခင်မာဝင်း၊ မင်္ဂလာလက်ကိုင်ပန်းနှင့် ပန်းအလှပြင်ဆင်ပေးပါသော ကိုခင်မောင်ဝင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော စိုင်းဘုန်းထူးနှင့်သား ဘုန်းမြတ်ထူး၊ မေတ္တာဖြင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ရုပ်ရှင်နှင့် ဗီဒီယိုဒါရိုက်တာ မောင်ဗေဒါ၊ ၂-၁-၂၀၁၁ရက် Dolphin Restaurant ၌ ကျင်းပသော ညစာစားပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ သတို့သမီးနှင့်မိဘများအတွက် စေ့စပ်ပွဲ၊ လက်ထပ်ပွဲတွင် ဝတ်စုံများချုပ်လုပ်ပေးပါသော ဒီဇိုင်နာဦးအေးသောင်းနှင့်ဇနီး ဒေါ်နွယ်နွယ်အေး(မနွယ်-ထိပ်တန်းအပ်ချုပ်ဆိုင်) ကျောက်မြောင်း၊ မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော နှစ်ဖက်မိဘများ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများ၊ ရန်ကုန် Sedona Hotel မှ Wedding မန်နေဂျာ မလီလီနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှကူညီပေးပါသော မိတ်ဆွေများ၊ ဆွေမျိုးများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇင်မောင်မောင်-မချောနုဝင်း။

ဂုဏ်ယူဝမ်းမြောက်ခြင်း

United Amara Bank Limited (လသာဘဏ်ခွဲ၊ ရန်ကုန်)ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Netcom
Networking, Sales & Services.

ရွှေရတုမင်္ဂလာဆုတောင်း

ပါပါ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း)နှင့် မာမာ ဒေါ်ခင်လေးနွဲ့တို့၏ (၆-၁-၂၀၁၁)ရက်တွင် ကျရောက်သော ရွှေရတုမင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားသမီး၊မြေးများ-
ဒုတိယဗိုလ်မှူးကြီးအောင်ဇင်ဦး၊ ဒေါ်ဥမ္မာဟန်
နိုင်ထက်ဇင်ဦး၊ ညီထက်ဇင်ဦး၊
ကိုအောင်ဇင်ထူး၊ ကိုအောင်ဇင်ထွဋ်၊
ဒုတိယဗိုလ်မှူးကြီးဇော်ဇော်နိုင်၊ ဒေါ်ခင်မီမီအောင်
ဗိုလ်လောင်းထက်နိုင်အောင်(DSTA) ၊ မြတ်ပန်းမွှေးနိုင်အောင်၊
မင်းခန့်ဇော်
မောင်မောင်ဟေမာန်၊ တင်သူစိုး
ကြယ်စင်ဟေမာန်(ခ)အိဆင့်။

မင်္ဂလာလက်ထပ်ပွဲနှင့် ညှိခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးလေးသွင်(ငြိမ်း)-ဒေါ်နော်ဒက်ဖနီတို့၏ဒုတိယသား

မောင်ဇာနည်လေးသွင်(ခ)ဖိုးဆာဝါး

B.A (English) Network Engineer, Jardin One Solution(Singapore)

နှင့်

ရန်ကုန်မြို့နေ ဦးသန်းလှိုင်-ဒေါ်တင်နုတို့၏သမီးထွေး

မမြတ်စုလှိုင်(ခ)ပုံပုံ

B.A (Eco)

Finance Executive, Lita Ocean Pte Ltd.(Singapore)

တို့၏ ၂၉-၁၂-၂၀၁၀ရက် Immanuel Baptist Church တွင် သိက္ခာတော်ရ ဆရာတော် The Rev. Dr. Paul F. Johns ရှေ့မှောက်တွင် လက်ထပ်ထိမ်းမြားပြီးစီးကြောင်းနှင့် မင်္ဂလာလက်ထပ်ပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော သိက္ခာတော်ရဆရာတော်များနှင့် ဧည့်သည်တော်များ၊ မေတ္တာဖြင့် စန္ဒရားတီးခတ်ပေးပါသော Dr. Harry၊ မောနွေလအမျိုးသမီးဝတ်အသင်း၊ လူငယ်ကြိုးစားခြင်းအသင်းတို့အားလည်းကောင်း၊ ၂-၁-၂၀၁၁ရက်(တနင်္ဂနွေနေ့) Traders Hotelတွင် ကျင်းပသော မင်္ဂလာညှိခံပွဲသို့ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ပါသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့် ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် [ဒုတိယညွှန်ချုပ် (ငြိမ်း) ကျန်းမာရေးစီမံကိန်းဦးစီးဌာန]၊ မင်္ဂလာပန်းကုံး ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်အေးအေးသန်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့်ဇနီး ဒေါ်မူမူဝေ၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများ သီကျူးပေးပါသော The Aces Band အဖွဲ့၊ သတို့သားအရံ မောင်ကောင်းထက်လေးသွင်၊ သတို့သမီးအရံ မဇင်နှင်းဝေ၊ မဖြူဖြူလွင်၊ မင်္ဂလာပန်းကြဲ မဆွေဇင်စိုး၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မအိချောဟန်နီမြင့်လွင်နှင့် ငြိမ်းပြည့်စုံစိုး၊ မိတ်ကပ်မေသန်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ သီတဂူ၊ သတို့သမီးဝတ်စုံရတနာအလှဆင် Forever၊ ဓာတ်ပုံနှင့် ဗီဒီယို ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာပုံနှိပ်ပေးပါသော ပွင့်လွှာ၊ မေတ္တာဖြင့် အစစအရာရာ လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးပါသော ညီငယ် စည်သူလေးသွင်၊ မေတ္တာဖြင့်ကူညီပေးသော I.W.T မှ ဓာတ်ပုံဦးတင်မောင်၊ I.W.T မှ အရာထမ်းများနှင့် အမှုထမ်းများ၊ Traders Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ဇာနည်လေးသွင်-မမြတ်စုလှိုင်။

မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပြီးစီးခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ခေမာသီလမ်းနေ ဒေါက်တာဦးသန်းလွင်-ဒေါက်တာဒေါ်စန်းစန်းနွဲ့တို့၏သားလတ်

မောင်ရဲမင်းအောင်

A.G.T.I (Mechatronics), B.Sc (Chemistry)
Diploma in Information System,Tokyo Industrial College

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဇေယျာသီရိလမ်းနေ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)-ဒေါ်မိမိလွင်တို့၏သမီး

မဂျူမီအောင်

B.C.Sc (U.C.S.Y)

တို့၏

မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအား ၃-၁-၂၀၁၁ရက် Traders Hotel ကုန်းဘောင်တကောင်းခန်းမတွင် အောင်မြင်စွာကျင်းပပြီးဖြစ်ကြောင်းနှင့် မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်စန်းစန်းရီ၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးခြင်းအား လက်မှတ်ရေးထိုး ကြီးကြပ်ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးဦးမြင့်အောင်၊ မင်္ဂလာဆုံးမသြဝါဒစကားမြွက်ကြားပေးပါသော ဦးကိုကိုမြိုင် (တက္ကသိုလ်သျှင်သီရိ)နှင့် တက်ရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိမိတ်ဆွေအပေါင်းတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

မောင်ရဲမင်းအောင်-မဂျူမီအောင်။

မီးသုံးစွဲလျှင် သတိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ပညာအလင်းစာကြည့်တိုက် ဓနုဖြူ၌ ပန္နက်တင်

ဓနုဖြူ ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ဇီးဖြူကုန်းကျေးရွာအုပ်စု ကွဲလမ်းကုန်းကျေးရွာ၌ ပညာအလင်း ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၄ရက်နံနက်၉နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ပန္နက်တင်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်လှိုင်၊မြို့နယ်ဦးစီးမှူး ဒေါ်ခင်သန္တာထွေး၊ ဇီးဖြူကုန်းကျေးရွာဥက္ကဋ္ဌဦးသိန်းအေး၊ ရပ်မိရပ်ဖဦးကျင်သန်းတို့က ကျေးလက်စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင်ပေးကြသည်။

ထို့နောက် ဇီးဖြူကုန်းကျေးရွာအုပ်စု ပြည်လုံးချမ်းသာတင်ကျော်အေးစေတီ တန်ဆောင်းတွင် စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ဆွေးနွေးကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၇-၁-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် (ဓဇဂ္ဂသုတ်+ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားက ပွဲတင်သံ
၁၁း၄၅	နေ့လယ်ခင်း တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင် တေးသံစဉ် (Intermediate Level)
၁၂း၃၀	အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀	Music Talk
၁၇း၁၅	ပြောပါရစေရှင် (ဆတက်ထမ်းပိုးမြတ်နိုးသည်) တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၅	ရင်ခုန်စီးဆင်း အနုပညာသတင်း (၂၃)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	လူမှုစာနာပြန်ကြားလွှာ
၁၈း၂၀	တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၄၅	နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ရေခံ မြေခံ)
၁၉း၄၅	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဂွမ်းပုံကြီး) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀	ဆောင်းပါး (လူငယ်နဲ့ကလေး စိတ်မဆင်းရဲစေရန်)
၂၁း၀၅	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁း၃၅	ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

6-1 (13).pmd 1 1/6/2011, 3:16 AM

အမည်ပြောင်း

ဦးဝင်းညီညီ၏သား အမက(၁၄) တာမွေ တတိယတန်းမှ မောင်မင်းခန့်ကျော်အား ယနေ့မှစ၍ မောင်နေဘုန်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်နေဘုန်းခန့်။

အမည်ပြောင်း

ဦးဝင်းညီညီ၏သမီး အထက(၄) တာမွေ သတ္တမတန်း(C)မှ မမဉ္ဇူကျော်အား ယနေ့မှစ၍ မဆုနှင်းဝတီဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဆုနှင်းဝတီ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဘဝါနီပရာဆက်၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် A.380874 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၄၈၆၂၆။**



ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၄၀၈၁၊ ၅ယ/၂၅၄၁၇ Jialing ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီညွန့် ၅/ပလဘ(နိုင်)၀၄၃၆၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီးတရားရုံး

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၉၁၆

ဦးအောင်မြင့်ဦး **နှင့်** ဦးသန်းမောင် ပါ ၂၇ ဦး

အမှတ် ၂၄၊ ခုနစ်လွှာ

၉ လမ်း၊ (၄)ရပ်ကွက်၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

တရားလို **တရားပြိုင်များ**

အမှတ်(၆)တရားပြိုင် ဒေါ်ဖြူဖြူထွန်းနှင့် အမှတ်(၉)တရားပြိုင် ဦးခိုင်ဝင်း အမှတ် ၂(က)၊ ပါရမီလမ်း၊ ချော်တွင်းကုန်း၊ အမှတ်(၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ) နှင့် အမှတ်(၁၃)တရားပြိုင်ဦးလှမြင့်၊ အမှတ်(၁၄) တရားပြိုင် ဒေါ်မြသန်း၊ အမှတ်(၁၅)တရားပြိုင် ဒေါ်လှမြင့်၊ အမှတ်(၁၆) တရားပြိုင်ဒေါ်ဝါဝါနိုင် ၊ အမှတ်(၂၃)တရားပြိုင်ဒေါ်တင်တင်၊ အမှတ်(၂၄) တရားပြိုင်ဒေါ်ရီရီဝင်း အမှတ်(၄) ဦးဘဟန်လမ်း၊ ချော်တွင်းကုန်း၊ အမှတ်(၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလို ဦးအောင်မြင့်ဦးက ကျူးကျော်ဆောက်လုပ်ထားသော နေအိမ်များကို မြေကွက်မှဖြိုဖျက်ဖယ်ရှားပြီး မြေကွက်လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် သင့်အနေနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၀ရက် (၁၃၇၂ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ဆွေထွန်း

တွဲဖက်တိုင်းတရားသူကြီး(၅)

ရန်ကုန်တိုင်းဒေသကြီးတရားရုံး။

တိုက်ဆောက်ပြီးသစ်သား T တိုင်အဟောင်းများ အမြန်ရောင်းလိုသည်။

ဆက်သွယ်ရန်

ဖုန်း-၀၉-၅၁၅၃၉၅၀။

ကားရောင်းမည်

၁၄ပေ Dyna (Toyota)

၂က/--(87 Model)

လုပ်ငန်းသုံး(သန့်)(ညှိနှိုင်း)

ဖုန်း-၅၂၈၇၀၇၊ ၀၉-၅၀၄၄၈၄။

ရောင်းမည်

ယုဇနပလာဇာ အောင်သပြေလမ်း၊ (ဒုတိယထပ်)၊ (၂၆×၅၅)ပေ IMBR၊ 2BR၊ 2AC၊ ဖုန်း၊ **ပြင်ဆင်ပြီး**

ဖုန်း-၀၉-၅၁၈၂၈၆၆၊ ၃၈၂၉၉၁၊



ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၂၅၂၁၉ Luojia M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၉/မနမ(နိုင်)၀၅၃၇၁၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/စီ ᵃ)၊ မြေကွက်အမှတ် (၄/၂၄၂)၊ ကာယ ၁၀လမ်းရှိ မြေကွက်အား ၈-၉-၁၉၉၂ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း ဦးအုန်းကြူ ၁၂/ဥကတ(နိုင်)၁၀၅၀၇၄က တင်ပြလျက် ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၄၄၇၈ Honda C 90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးထွန်း ၉/မနမ(နိုင်) ၁၀၀၇၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၂၆၇၄၃၃ JLM 110ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝေ ၉/မသန(နိုင်)၀၈၃၇၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ (ကျောက်ဆည်)။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၇၉၀၀ Honda Nava ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ထွန်းလွင် ၉/အမရ(နိုင်) ၀၈၉၄၉၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ မန္တလေးတောင်ပိုင်း၊ မန္တလေးမြို့။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၂၈၁၇၁ ဂျာလင်း JL 90 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မောင် ၅/မမန(နိုင်)၀၀၂၉၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ စစ်ကိုင်း။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၄၂၉၃၄ Honda Dream 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ချောစု ၉/မကန(နိုင်)၀၉၁၃၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လ/၆၉၀၃ ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ခိုင် ၅/ဒပယ(နိုင်)၀၆၈၃၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ မန္တလေးတောင်ပိုင်း၊ မန္တလေးမြို့။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၅၇၃၅၂ Hero Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုစိန်၉/မရတ(နိုင်)၀၈၁၈၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ မန္တလေးတောင်ပိုင်း၊ မန္တလေးမြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ ဦးပုညလမ်းသွယ်၊ ခြံအမှတ် ၉၉၈ပိုင်ဆိုင်သူ အမည်ပေါက် ဗိုလ်ကြီးသန်းရွှေမှာ ကွယ်လွန်ပြီးဖြစ်၍ ဤခြံမြေနှင့်ပတ်သက်သော ဝန်ထမ်းအိမ်ရာ ချေးငွေစာရင်းအမှတ် S.၃၉၈၈၏ စာချုပ်စာတမ်းများကို ဇနီးဒေါ်ဆန်းတင်(ခ)ဒေါ်တင်မူက ထုတ်ယူမည်ဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အောက်ပါလိပ်စာအတိုင်း ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။

ဒေါ်တင်မူ(ခ)ဒေါ်ဆန်းတင်

အမှတ် ၆၃၊ ရွာလယ်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊

ဖုန်း-၀၁-၅၉၉၁၇၅။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၈၈၃၆ Toyota Townace CM 50 P/U (4x2)ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘီးစင်း ၉/မရမ(နိုင်)၀၅၃၉၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၆၇၇၃၄ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိုင်လင်း(ခ)ခင်မေဝင်း ၉/မရမ(နိုင်)၀၇၆၉၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ

အုတ်တွင်းမြို့၌ ကြံနည်းပညာစံကွက်စိုက်ပျိုး

အုတ်တွင်း ဇန်နဝါရီ ၄

အုတ်တွင်းမြို့နယ် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ကြံသီးနှံလုပ်ငန်းဌာန၏ ၂၀၁၁-၂၀၁၂ ခုနှစ် ကြံရာသီနည်းပညာစံကွက် စိုက်ပျိုးခြင်းကို ဒီဇင်ဘာ ၂၁ရက်က ရန်ကုန်-မန္တလေး (ခြောက်လမ်းသွားအမြန်လမ်းမကြီး)၏ လက်ယာဘက်မိုင်တိုင် အမှတ် ၁၃၃ ရှိ ၄က်ပျောတော ကျေးရွာအုပ်စု တောင်သူဦးသန်းဇော်၏ သုံးဧက ကြံအကွက်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းအောင်နှင့် မြို့နယ်စိုက်ပျိုးတိုးတက်မှုညှိနှိုင်းအဖွဲ့ဝင်များ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် အုတ်တွင်းသကြားစက်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောတောင်သူများ တက်ရောက်ကြပြီး မြို့နယ်တာဝန်ခံ ဦးစိုးနိုင်မြင့်က ကြံသီးနှံနည်းပညာများကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရောင်ခြည်ဦးစာကြည့်တိုက် ချောက်မြို့၌ဖွင့်

ချောက် ဇန်နဝါရီ ၄

ချောက်မြို့နယ် မလွှတောင်ကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၈ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ ဥ်ကျင်းပရာ စာကြည့်တိုက် အဆောက်အအုံသစ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးခရိုင်ရုံး ဦးစီးအရာရှိဦးသန်းဌေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းစိုးနှင့် မလွှတောင် ကျေးရွာဥက္ကဋ္ဌ ဦးအေးဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော စာအုပ်စာစောင် အုပ် ၁၀၀ကို မြို့နယ်ဦးစီးမှူး ဦးသန့်ရှင်းမောင်က လည်းကောင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စာအုပ်မျိုးစုံ ၃၅အုပ်၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ဦးတင်ထွေးက စာအုပ်စာစောင် အုပ်ရေ ၁၀၀၀ကို အလှူရှင်ကိုယ်စား ဒေါ်သောင်းငွေကလည်းကောင်း၊ ဝေါလ်ဗွီးရှင်းက လှူဒါန်းသော ပရိဘောဂများကို အလှူရှင်ကိုယ်စား ဒေါ်သန်းနွယ်ကလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်ဌေးမြင့်နှင့် လက်ထောက်စာကြည့်တိုက်မှူး ဒေါ်ရီဝင်းတို့က လက်ခံယူသည်။

သိရ

ရောင်ခြည်ဦးစာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ ၁၈ပေနှင့် အမြင့် ၁၅ပေ သွပ်မိုးအုတ်ကာဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စလင်းမြို့မဈေးရှိ အသား၊ ငါးဆိုင်များ အလေးချိန်ခွင်မှန်ကန်မှုရှိမရှိကို ဒီဇင်ဘာ ၁၅ရက်က ဦးစီးအရာရှိနှင့်ဈေးဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသုံး လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

အရသာရှိ စားလို့ကောင်းသည့် အင်းဇင်းရွာက တိုဟူး

နေပြည်တော် ဇန်နဝါရီ ၅

မြန်မာ့ရိုးရာ အစားအစာများတွင် တိုဟူးသည်လည်း အပါအဝင်ဖြစ်၏။ တိုဟူးကို အသုပ်သုပ်၍ဖြစ်စေ၊ ကြော်၍ဖြစ်စေ၊ ဟင်းချက်၍ဖြစ်စေ စားနိုင်၏။

➤ မြင့်မောင်စိုး – ရေးသားသည် ➤

ခံတွင်းမြိန်

တိုဟူးကို ပါးပါးနုတ်နုတ်လှီး၊ ဆီချက်၊ နံနံပင် သို့မဟုတ် ရှောက်ရွက်တို့ဖြင့် သုပ်စားရသည်မှာ ခံတွင်းမြိန်လှ၏။ ဟင်းတစ်မယ် အဖြစ်ပင် စားနိုင်သည်။

ဟင်းတစ်ခွက်

တိုဟူးကို အတုံးလေးတွေလှီးပြီး ကြော်စားကြသည်။ တိုဟူးကြော်ကို ရေနွေးကြမ်းနှင့်လည်း မြည်းနိုင်၏။ ရှမ်းပြည်နယ်တွင် တိုဟူးကြော်ကို ဆီချက်၊ ဆန်ခေါက်ဆွဲ၊ ရှမ်းခေါက်ဆွဲတို့စားအပြီး ဖြည့်စွက် အစားအစာအဖြစ် စားသုံးလေ့ရှိသည်။ အထက်အညာဒေသတွင် တိုဟူးကို ဆီပြန်ဟင်းတစ်ခွက်အဖြစ်လည်း ချက်စားကြသေးသည်။

အမြည်းပေး

စာရေးသူတို့သတင်းအဖွဲ့သည် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မြို့မဈေးသို့ တစ်ပတ်တစ်ခါ ဈေးဝယ်သွားလေ့ရှိ၏။ ထိုဈေး၏ အတွင်းဈေး၊ အပြင်ဈေးဝန်းကျင်တို့တွင် တွေ့ရသော ဆိုင်အများစုမှာ တိုဟူးဆိုင်များပင်ဖြစ်၏။ တိုဟူးသည်တို့မှာ ဖော်ရွေကြ၏။ ဆိုင်အနီးမှ ဖြတ်သွားလျှင် မန္တလေးမှ ထိုးမုန့်ဆိုင်များကဲ့သို့ အမြည်းပေးလေ့ရှိသည်။ ဤသည်မှာ ဈေးဝယ်များအား ဆွဲဆောင်မှုတစ်ရပ်ပင် ဖြစ်သည်။

အရသာရှိ

မြို့မဈေး၌ ရောင်းချနေသော တိုဟူးများမှာ အရသာရှိ၊ စားလို့ကောင်း၏။ တိုဟူးသား မာမာတင်းတင်းရှိသဖြင့် တာရှည်အထားခံသည်။ တချို့က နယ်အဝေးသို့ပင် ဝယ်ယူသွားကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❖

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မြို့မဈေးရှိ တိုဟူးဈေးဆိုင်တန်းကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

အာဏာ(၃)ရပ်ကို တပေါင်းတစည်းတည်း၊ တစ်ဖွဲ့တစ်ပါတီပိုင် ပစ္စည်းမဖြစ်စေရန် ခွဲဝေကျင့်သုံးမှုမှာ ပြည်သူလူထု အကျိုးစီးပွားကို ဖြစ်စေသဖြင့် ထိန်းကျောင်းရေးကိရိယာနှင့် ထိန်းကျောင်းရေးအစိုးရဖြစ်သည်။ ထိန်းကျောင်းရေးအစိုးရမှာ ဒီမိုကရေစီအစိုးရအစစ်အမှန်ဖြစ်၏။

မောင်စေတနာ (B.A,B.Ed) ၏
ဆောင်းပါး ၈ – ၈၊ ၉

6-1 (20).pmd 1 1/6/2011, 3:17 AM